# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## စီးပွားရေးသံမှူး သတင်းလွှာ

2(1/2022)


**စီးပွားရေးသံမှူးများ**
**တာဝန်ထမ်းဆောင်သောနိုင်ငံများ**

**India**

**USA**

**Belgium**

**Japan**

**China(Hong Kong)**

**Thailand**

**Singapore**

**Korea**

**China(Beijing)**

**China(Nanning)**

**China(Kunming)**

**South Africa**

**Australia**

**Germany**

**Brazil**


**CONTACT US**

**ကုန်သွယ်မှုသတင်းအချက်အလက်နှင့်**
**သုတေသနဌာနခွဲ၊**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**
**ဝန်ကြီးဌာန၊**
**ရုံးအမှတ်(၃)၊ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်**

**ဖုန်း - 0673408624**
**0673408645**

**e-mail-tirnpt2020@gmail.com**


## ထိုင်းအစိုးရအနေဖြင့် ပြည်ပသို့ပို့ကုန်တင်ပို့နိုင်မှုအပေါ်အားရလျက်ရှိ



A worker approaches a shipping vessel docked at Bangkok Port. Arnun Chonmahatrakool

ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာမှု၊ ကမ္ဘာတစ်ဝှမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုနှုန်းမြင့်တက်လာမှုနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံများအကြား စီးပွားရေးလှုံ့ဆော်မှု အစီအမံများကြောင့် ယခုနှစ်အတွက်ပို့ကုန်တင်ပို့မှုဆောင်ရွက်နိုင်မှုများနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ကျေနပ်အားရလျက်ရှိကြောင်း၊ ယခုနှစ်အတွက် ပြည်ပသို့ သဘော်တင်ပို့မှုအနေဖြင့် (၁၆%) တိုးတက်ကာ အမေရိကန်ဒေါ်လာ ၂၆၈ ဘီလီယံ (ဘတ်ငွေ ၈.၅ ထရီလီယံခန့်) ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်က ၂၀၂၂ ခုနှစ် အတွက် ပြည်ပတင်ပို့မှုတိုးတက်မှုနှုန်း (၃.၅-၄.၅%) ရရှိနိုင်မည်ဖြစ်ကာ အမေရိကန်ဒေါ်လာ (၂၇၈-၂၈၀) ဘီလီယံခန့် ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။ ဆက်လက်၍ ဝန်ကြီးက ၂၀၂၂ ခုနှစ်အတွက် အထောက်အကူဖြစ်စေမည့်အချက်အလက်များတွင် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှု၊ ကုန်သွယ်ဖက်နိုင်ငံများအကြား သွင်းကုန်တင်သွင်းမှု၊ ဒူဘိုင်းရေနံစိမ်းဈေးနှုန်းမြင့်တက်မှု၊ ဘတ်ငွေတန်ဖိုးကျဆင်းမှု၊ ထုတ်လုပ်မှုကုန်ကြမ်း

ဈေးနှုန်းများမြင့်တက်လာမှု စသည်တို့ပါဝင်ကြောင်းပြောကြား ခဲ့ပါသည်။

အခြားသော အပြုသဘောဆောင်သည့် အချက်အလက်များ အနေဖြင့် ၂၀၂၂ ခုနှစ်နှစ်လယ်တွင် ကွန်တိန်နာများနှင့် သင်္ဘောများတိုးတက်လာဖွယ်ရှိမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါအား ထိရောက်စွာ ထိန်းချုပ်နိုင်မှုနှင့် နောက်နှစ်အစတွင် အသက်ဝင်လာရန် စီစဉ်ထားသည့်ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) တို့ပါဝင်သည်ဟု ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ နိုဝင်ဘာလတွင် အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ (၂၃.၆) ဘီလီယံ (ဘတ်ငွေ ၇၈၃ ဘီလီယံ) ရှိကြောင်း၊ ပြည်ပပို့ကုန်တင်ပို့မှု တိုးတက်မှုနှုန်းမှာ (၂၄.၇%) ရှိကြောင်းနှင့် သွင်းကုန်တင်သွင်းမှုမှာလည်း (၂၀.၅%)တိုတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၂.၆) ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့်ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၁.၀၀၂) ဘီလီယံရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရသိရှိရပါသည်။ ၂၀၂၁ ခုနှစ် ပထမ (၁၁) လအတွင်း ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုအနေဖြင့် (၁၆.၄%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၄၆) ဘီလီယံရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၂၉.၄%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၄၂) ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၃.၈၂) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။ ရွှေ၊ ရေနံနှင့်ဆက်စပ်ပစ္စည်းများ၊ လက်နက်တို့မပါဝင်ဘဲ အမှန်တင်ပို့ခဲ့သော ပို့ကုန်ကဏ္ဍများအနေဖြင့် ဩဂုတ်လတွင် (၁၉.၄%)၊ စက်တင်ဘာလတွင် (၁၄.၈%)၊ အောက်တိုဘာလတွင် (၁၂.၂%)နှင့် ယခုနိုဝင်ဘာလတွင် ယမန်နှစ်ကထက် (၁၈.၉%) မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ နိုဝင်ဘာလတွင် တင်ပို့မှုအားကောင်းကောင်းဖြင့်မြင့်တက်ခဲ့သော ပို့ကုန်များတွင် သစ်သီးဝလံများ၊ ပီလောပီနံထုတ်ကုန်များ၊ ရာဘာ၊ သကြားနှင့် တိရစ္ဆာန်အစားအစာများစသည့် လယ်ယာထွက်ကုန်များနှင့်အစားအစာများ၊ အိမ်မှနေရင်းအလုပ်လုပ်သည့် ထုတ်ကုန်များ၊ ပရိဘောဂများနှင့်အစိတ်အပိုင်းများ၊ ကွန်ပျူတာနှင့် အစိတ်အပိုင်းများ၊ ရေဒီယိုနှင့် တယ်လီဗေးရှင်းဖမ်းစက်များနှင့် အစိတ်အပိုင်းများ၊ မိုက်ခရိုဝေ့ခ်မီးဖိုများ၊ ရေခဲသေတ္တာများနှင့်အစိတ်အပိုင်းများ၊ တယ်လီဖုန်းနှင့်အစိတ်အပိုင်းများစသည့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ ဆေးပစ္စည်းကရိယာများ၊ ဆေးဝါးထုတ်ကုန်များစသည့် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးထုတ်ကုန်များ၊ ဆေးဘက်ဆိုင်ရာထုတ်ကုန်များ တို့ဖြစ်ကြကြောင်း သိရှိရပါသည်။ အခြားတိုးတက်တင်ပို့နိုင်သော ထုတ်ကုန်များတွင်မီးပူများ၊ စတီးနှင့်စတီးပစ္စည်းထုတ်ကုန်များ၊ ဓါတုဗေဒထုတ်ကုန်များ၊ ပလပ်စတစ်ကော်စေ့များ၊ ရာဘာတာယာများ၊ အီလက်ထရောနစ်ပေါင်းစပ်ဆားကစ်များ၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ လူသုံးကုန်ပစ္စည်းများပါဝင်ကြပြီး၊ မော်တော်ကားနှင့်အစိတ်အပိုင်းများ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာများသည့် အဖိုးတန်ဇိမ်ခံပစ္စည်းများလည်းပါဝင်ကြောင်း သိရှိရပါသည်။

Source: Bangkok Post (စီးပွားရေးသံမှူး-ထိုင်း)

## ထိုင်းနိုင်ငံ သားသတ်ရုံတွင် အာဖရိကဝက်အဖျားရောဂါ (African Swine Fever) တွေ့ရှိကြောင်း ထိုင်းအစိုးရပြောကြား



A livestock official inspects a pig farm in Nakhon Pathom province. (Bangkok Post file photo)

ထိုင်းအာဏာပိုင်များအနေဖြင့် နခွန်ပထုန် (Nakhon Pathom) ပြည်နယ်ရှိ သားသတ်ရုံတစ်ခုတွင် စုဆောင်းထားသော နမူနာများမှ အာဖရိကဝက်အဖျားရောဂါ (African Swine Fever) ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း မွေးမြူရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၁၁.၁.၂၀၂၂) ရက်နေ့တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ နခွန်ပထုန် (Nakhon Pathom) ပြည်နယ်ရှိ သားသတ်ရုံ တစ်ခုတွင်စုဆောင်းထားသည့် နမူနာများမှ အာဖရိကဝက်အဖျားရောဂါ (African Swine Fever) ကို စစ်ဆေးတွေ့ရှိခဲ့သည်ဟု အာဏာပိုင်များကပြောကြားခဲ့ကြောင်း၊ ၎င်းမှာနိုင်ငံ၏ ပထမဆုံးသော တရားဝင်အတည်ပြုသည့်ရောဂါဖြစ်ကြောင်းသိရှိရပါသည်။ မကြာသေးမီရက်သတ္တပတ်များအတွင်း အဆိုပါရောဂါကြောင့် ထိုင်းဝက်များအား ရှင်းလင်းနေကြောင်း ထင်ကြေးပေးမှုများကြီးထွားလာပြီး သတင်းကို ဖုံးဖိထားသည်ဟု စွပ်စွဲမှုများပေါ်ထွက်ခဲ့ပြီးနောက် အာဏာပိုင်များအနေဖြင့် စုံစမ်းစစ်ဆေးမှုကိုစတင်ခဲ့ခြင်းဖြစ်ပါသည်။ ဝက်မွေးမြူထားသော ပြည်နယ်များရှိမွေးမြူရေးခြံ (၁၀) ခု

နှင့် သားသတ်ရုံ (၂) ခုတို့မှ သွေးနမူနာများအပါအဝင်စုဆောင်း ကောက်ယူထားသည့် နမူနာ (၃၀၉) ခုအနက် နမူနာတစ်ခုမှ အာဖရိကဝက်အဖျားရောဂါ (African Swine Fever) ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Sorravis Thaneto က ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ မိမိတို့အနေဖြင့် နမူနာတစ်ခုမှ အာဖရိကဝက်အဖျားရောဂါ (African Swine Fever) ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း (၁၁.၁.၂၀၂၂) ရက်နေ့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မွေးမြူရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Sorravis Thaneto ကပြောကြားခဲ့ပါသည်။ အာဏာပိုင်များအနေဖြင့် မကြာသေးမီနှစ်များအတွင်း ဥရောပနှင့် အာရှတစ်ခွင်တွင် ပျံ့နှံ့ဖြစ်ပွားခဲ့ကာ ဝက်ကောင်ရေသန်းရာနှင့်ချီ၍သေဆုံးခဲ့သော ပြင်းထန်သည့်ရောဂါဖြစ်ပွားမှုကို နှစ်အတော်ကြာငြင်းဆိုခဲ့ပြီးနောက် ယခုကဲ့သို့ အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။

Kasetsart တက္ကသိုလ် ဓါတ်ခွဲခန်းမှ ပြီးခဲ့သည့်လက အိမ်မွေးတိရစ္ဆာန်ဝက်သေတွင် ရောဂါပိုးတွေ့ရှိကြောင်း ပထမဦးဆုံး အစီရင်ခံတင်ပြခဲ့ပြီး ရက်များမကြာမီတွင်ယခုကဲ့သို့ အတည်ပြုချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ အာဏာပိုင်များအနေဖြင့်နမူနာတွေ့ရှိသည့်နေရာ၏ (၅) ကီလိုမီတာအချင်းဝက်အတွင်းကို ရောဂါဖြစ်ပွားမှု ဇုန်အဖြစ်ကြေငြာမည်ဖြစ်ကာ ဝက်များရွှေ့ပြောင်းသွားလာမှုကို ကန့်သတ်မည်ဖြစ်ကြောင်း၊ ရောဂါကူးစက်ခံရသည်ဟုသံသယရှိသည့် တိရစ္ဆာန်များကို သတ်ပစ်ရန် စဉ်းစားမည်ဖြစ်ကာ ထိခိုက်ခံစားရသည့် မွေးမြူရေးခြံများအတွက် လျော်ကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် Mr.Sorravis Thaneto ကပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သို့လည်း ရောဂါပိုးတွေ့ရှိကြောင်း တရားဝင် အကြောင်းကြားသွားမည်ဟု မွေးမြူရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားပါသည်။

အာဖရိကဝက်အဖျားရောဂါနှင့် အခြားဖိုင်းရပ်စ်ရောဂါပိုးမွှားများအား ကာကွယ်ရန် ယမန်နှစ်ကဝက်များကိုသုတ်သင်ရှင်းလင်းခဲ့သည့် ပြည်နယ် (၅၆) ခုရှိ အသေးစားမွေးမြူရေးခြံများအတွက် လျော်ကြေးငွေဘတ် (၅၇၄) သန်းအား (၁၁.၁.၂၀၂၂) ရက်နေ့တွင် အတည်ပြုပေးခဲ့ကြောင်းလည်း သိရှိရပါသည်။ ယမန်နှစ် မတ်လမှအောက်တိုဘာလအတွင်း သုတ်သင်ရှင်းလင်းခဲ့သည့် ဝက်အကောင်ရေ (၁၅၉,၀၀၀) ကျော်အတွက် မွေးမြူရေးသမား (၅,၀၀၀) ခန့်နီးပါးကိုလျော်ကြေးမပေးရသေးကြောင်း အစိုးရ၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Source: Bangkok Post

https://www.bangkokpost.com/thailand/general/2245759/govt-says-african-swine-fever-detected-in-slaughterhouse (စီးပွားရေးသံမှူး-ထိုင်း)

## ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၄.၂% ရရန်မျှော်မှန်း

အစိုးရအနေဖြင့် ၎င်း၏ ၂၀၂၃-၂၀၂၆ အလယ်အလတ်ဘဏ္ဍာရေးမူဝါဒမူဘောင်အရ စီးပွားရေးတိုးတက်မှုနှုန်းကို ၄.၂% အထိရရှိရန်ရည်မှန်းထားပြီး ထိခိုက်ပျက်စီးလွယ်သော စီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက် ဘတ်ဂျက်လိုငွေပြမှုကို ထိန်းထားနိုင်ရန်စီစဉ်လျှက်ရှိကြောင်း သိရှိရပါသည်။ အစိုးရ၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ Rachada Dgnadirek ၏ အဆိုအရ အစိုးရအဖွဲ့မှ (၂၁-၁၂-၂၀၂၁) ရက်နေ့တွင် အတည်ပြုခဲ့သော စီးပွားရေးမူဘောင်အရ ၂၀၂၃ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု (၃.၂%-၄.၂%) ရရှိရန်၊ ၂၀၂၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု (၂.၉%-၃.၉%) ရရှိရန်နှင့် ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များတွင် စီးပွားရေးတိုးတက်မှု (၂.၈%-၃.၈%) ရရှိရန်ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၃-၂၀၂၆ ခုနှစ်အတွက် အစိုးရ၏ အသားတင်ဝင်ငွေမှာ ထိုင်းဘတ်ငွေ (၂.၄၉) ထရီလီယံ၊ (၂.၅၆) ထရီလီယံ၊ (၂.၆၄) ထရီလီယံ၊ (၂.၇၂) ထရီလီယံတို့ဖြင့် အသီးသီးရရှိရန်ခန့်မှန်းထားကြောင်း၊ အသုံးစရိတ်ဘတ်ဂျက်မှာ ၂၀၂၃ ခုနှစ်အတွက် ဘတ်ငွေ (၃.၁၉) ထရီလီယံ၊ ၂၀၂၄ ခုနှစ်အတွက်ဘတ်ငွေ (၃.၂၇) ထရီလီယံ၊ ၂၀၂၅ ခုနှစ်အတွက် ဘတ်ငွေ (၃.၃၆)ထရီလီယံနှင့် ၂၀၂၆ ခုနှစ်အတွက် ဘတ်ငွေ (၃.၄၆) ထရီလီယံဟုခန့်မှန်းထားကြောင်းသိရှိရပါသည်။

Ms.Rachada က အစိုးရအနေဖြင့် ကပ်ရောဂါဖြစ်ပွားပြီးနောက် စီးပွားရေးပြန်လည်နာလန်ထူလာစေရန် လိုငွေပြမှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း အစိုးရအနေဖြင့်လူမှုရေးနှင့် စီးပွားရေးပြန်လည်ထူထောင်ရေးတို့အတွက် ချေးငွေအပေါ် မှီခိုအားထားရန်လိုအပ်သည်ဟုပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၃-၂၀၂၆ မူဘောင်အရ ဘတ်ဂျက်လိုငွေပြမှုသည် ၂၀၂၃ ခုနှစ်တွင် ထိုင်းဘတ်ငွေ (၆၉၅) ဘီလီယံ၊ ၂၀၂၄ ခုနှစ်တွင် ထိုင်းဘတ်ငွေ (၇၁၀)ဘီလီယံ၊ ၂၀၂၅ ခုနှစ်တွင် ထိုင်းဘတ်ငွေ (၇၂၃) ဘီလီယံ၊ ၂၀၂၆ ခုနှစ်တွင် ထိုင်းဘတ်ငွေ (၇၃၆) ဘီလီယံရှိမည်ဟုခန့်မှန်းထားကြောင်း သိရှိရပါသည်။ အဆိုပါမူဘောင်သည် စီးပွားရေးနှင့်လိုက်လျောညီထွေရှိစေ

ရန် အချိန်အခါအလိုက်ပြင်ဆင်ရန်လိုအပ်ကြောင်းလည်း သိရှိရပါသည်။ ၂၀၂၂-၂၀၂၅ ခုနှစ် စီးပွားရေးမူဘောင်အရ ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု (၃-၄%)၊ ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု (၂.၇-၃.၇%)၊ ၂၀၂၄ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု (၂.၉-၃.၉%) ရရှိရန်ဖြစ်ကြောင်းသိရှိရပါသည်။

Source: Bangkok Post (စီးပွားရေးသံမှူး-ထိုင်း)

## အိန္ဒိယနိုင်ငံ၌ ၅ နှစ်ကာလအတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ် ၁၀% ကျော်တိုးတက်

အိန္ဒိယနိုင်ငံ၌ ၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၀-၂၁ ခုနှစ်အထိ ၅ နှစ်တာကာလအတွင်း ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုမှာ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၁၀.၈၉% ဖြင့် တိုးတက်မှုရရှိခဲ့ကြောင်း သိရှိရပါသည်။ အစိုးရမူဝါဒရေးရာကောင်စီ (NITI Aayog) ၏ ၂၀၃၃ ခုနှစ်အတွက် ကောက်ပဲသီးနှံနှင့် သားငါး ဝယ်လိုအားနှင့် ရောင်းလိုအားခန့်မှန်းချက် အစီရင်ခံစာအရ ၂၀၂၀-၂၁ ခုနှစ်၌ အိန္ဒိယပြည်တွင်းပဲမျိုးစုံစားသုံး မှုမှာတန်ချိန် ၂၆.၀၅ သန်းရှိကြောင်း၊ အဓိကသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု စတုတ္ထအကြိမ် ကြိုတင်ခန့်မှန်းချက်အရ ၂၀၂၀-၂၁ သီးနှံစိုက်ပျိုးရေးနှစ်၌ ပဲမျိုးစုံအား ဧရိယာဟက်တာ ၂၈.၈၃ သန်း စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တန်ချိန် ၂၅.၇၂ သန်းရှိမည်ဟု ခန့်မှန်းကြောင်း၊ ၁၉၅၀-၅၁ ခုနှစ်ရှိ ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ပါက ပဲမျိုးစုံစိုက်ပျိုးမှု ဧရိယာသည် ဟက်တာ ၁၉.၀၉ သန်း ပိုမိုလျက် ၅၁% တိုးတက်လာခဲ့ကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်း နှစ်စဉ်ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမှာ ၁၀.၈၉% တိုးတက်မှုရရှိခဲ့ကြောင်း၊ ပဲမျိုးစုံ စိုက်ပျိုးမှုတွင် မိုးသီးနှံရာသီ၌ စိုက်ပျိုးမှုမှာ ပျမ်းမျှအားဖြင့် ၃၆.၅% ပါဝင်လျက်ရှိကြောင်း၊ ၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၀-၂၁ ခုနှစ်အတွင်း ပဲမျိုးစုံအား ဆောင်းသီးနှံရာသီမှ ထုတ်လုပ်မှုမှာ ပျမ်းမျှတိုးတက်မှုနှုန်း ၁၀.၄% ရရှိနေချိန်တွင် မိုးသီးနှံမှ ထုတ်လုပ်မှုသည် ပျမ်းမျှ ၁၃% တိုးတက်မှုရရှိခဲ့ကြောင်း၊ အဆိုပါ ၅ နှစ်အတွင်း ပဲစင်းငုံပျမ်းမျှ စိုက်ပျိုးဧရိယာမှာ ဟက်တာ ၄.၇၃ သန်းရှိပြီး နှစ်စဉ် ၅.၂% ဖြင့် တိုးတက်လာခြင်းဖြစ်ကြောင်း၊ အလားတူ ပဲပုတ်စိုက်ပျိုးဧရိယာသည်လည်း နှစ်စဉ် ၂.၂% ဖြင့် ဟက်တာ ၁၁.၅၃ သန်း အထိတိုးတက်လာခဲ့ကြောင်း စသည်ဖြင့် ၁၀-၁၂-၂၀၂၁ နေ့တွင် ကျင်းပသောရာဇ္ဇသဘာလွှတ်တော် အစည်းအဝေးတွင် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး နာရင်ဒရာဆင်းတိုမားက ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်ပါသည်။

Source: Demand and Production of Pulses, 10-12-2021, Press Information Bureau of India (စီးပွားရေးသံမှူး-အိန္ဒိယ)

## အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့်ကာလအား တိုးမြှင့်

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့အား ကန့်သတ်ကုန်စည်အဖြစ်မှ လွတ်လပ်စွာ (Free) တင်သွင်းခွင့်ပြုသည့်ကုန်စည်အဖြစ်သို့ ပြောင်းလဲသတ်မှတ်လျက် တင်ပို့ရာဒေသ၌ Bill of Lading ထုတ်ပေးခြင်းကို ၃၁-၁၂-၂၀၂၁ နေ့အထိလည်းကောင်း၊ အိန္ဒိယဆိပ်ကမ်းများ၌ ကုန်စည်များအားဆိပ်ကမ်းရှင်းလင်းခြင်းကို ၃၁-၁-၂၀၂၂ နောက်ဆုံးထား၍လည်းကောင်း တင်သွင်းခွင့်ပြုခဲ့ပါသည်။ ယခုအခါ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနသည် ၂၀-၁၂-၂၀၂၁ နေ့တွင် ပဲတီစိမ်း တင်သွင်းမှုအတွက် အမိန့်ကြော်ငြာစာအမှတ် S.O. 5317(E) ကိုလည်းကောင်း၊ မတ်ပဲနှင့် ပဲစင်းငုံ တင်သွင်းခြင်းအတွက် အမိန့်ကြော်ငြာစာအမှတ် S.O. 5318(E) အားလည်းကောင်း ထုတ်ပြန်လျက် အဆိုပါပဲများအား လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့် ကာလကို ၃၁-၃-၂၀၂၂ နေ့အထိ တိုးမြှင့်သတ်မှတ်လိုက်ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများတွင် ၃၁-၃-၂၀၂၂ နေ့မတိုင်မီ တင်ပို့ရာဆိပ်ကမ်းမှ Bill of Lading ထုတ်ပေးခဲ့ပါက အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းမှု လုပ်ငန်းများကို ၃၀-၆-၂၀၂၂ နေ့နောက်ဆုံးထား၍ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အိန္ဒိယအစိုးရက အဓိကပဲ ၃ မျိုးအား လွတ်လပ်စွာ တင်သွင်းခွင့်ကာလ တိုးမြှင့်ခဲ့မှုအပေါ် ပဲကုန်သည်အသိုင်းအဝိုင်းက ကြိုဆိုလျက်ရှိကြသော်လည်း ပြည်ပမှပဲများ ဈေးနှုန်းသက်သာစွာဖြင့် ဝင်ရောက်လာပါက ၎င်းတို့၏ဝင်ငွေရရှိမှုအား ထိခိုက်မှုရှိလာနိုင်မည့်အရေးကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများက စိုးရိမ်မကင်း ဖြစ်ပေါ်လျက်ရှိကြပါသည်။ Kalaburgi မြို့ရှိ ကာနာတကာပရာဒေ့ရှ် ပဲစင်းငုံစိုက်ပျိုးသူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr Basavaraj Ingin က အစိုးရ၏ ယခုဆောင်ရွက်ချက်မှာ ကောင်းမွန်သည့် ဆုံးဖြတ်ချက်ဟု မဆိုနိုင်ကြောင်း၊ ပဲများ လွတ်လပ်စွာ တင်သွင်းခွင့်ပြုခြင်းသည် ယခုနှစ်၌ စိုက်ပျိုးထုတ်လုပ်သူများအတွက်ထိခိုက်မှုဖြစ်စေရုံသာမက နောင်လာမည့် သီးနှံရာသီ၌ စိုက်ပျိုး ထုတ်လုပ်မှုအပေါ်ကိုလည်း သက်ရောက်မှုရှိကြောင်း၊ သို့ဖြစ်ရာ အစိုးရအနေဖြင့် အရေအတွက်အရ ကန့်သတ်မှုအချို့ကို လုပ်ဆောင်သင့်ကြောင်း ပြောဆိုပါသည်။

အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံလုပ်ငန်းရှင်များအသင်း (IPGA) မှ ဒုတိယဥက္ကဋ္ဌ Mr Bimal Kothari က ပြည်တွင်းဈေးကွက်တွင် စားသုံးဆီဈေးနှုန်းများနှင့် နှိုင်းယှဉ်

ပါက ပဲမျိုးစုံ၏ ဈေးနှုန်းများသည် လွန်ခဲ့သော ၃ - ၄ လက ပင် အတန်အသင့် တည်ငြိမ်မှုရရှိနေပြီဖြစ်ကြောင်း၊ လက်ရှိ ကာလ၌ ကုလားပဲဈေးနှုန်းမှာ အစိုးရက အနိမ့်ဆုံးဈေးပေး ဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်း (MSP) ၏ အောက်သို့ ကျဆင်းလျက်ရှိပြီး မတ်ပဲနှင့် ပဲစင်းငုံတို့မှာ MSP ဈေးနှုန်း ဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပြည်တွင်း၌ စိုက်ပျိုးထားသည့် ပဲစင်းငုံများကို နေရာဒေသများစွာတွင် ရိတ်သိမ်းခဲ့ပြီဖြစ်ပြီး ဒေသအချို့၌သာ ရိတ်သိမ်းဆဲအခြေ အနေတွင် ကျန်ရှိကြောင်း၊ နိုင်ငံတောင်ပိုင်းဒေသများတွင် မိုး သည်းထန်စွာရွာသွန်းမှုကြောင့် ပဲစင်းငုံစိုက်ခင်းများ ထိခိုက်ပျက် စီးမှုရှိကြောင်း၊ ရှေ့လာမည့် ၃ လတာအတွင်း နိုင်ငံတကာ ဈေးကွက်၌ အကန့်အသတ်ဖြင့်သာ ပဲစင်းငုံရရှိနိုင်ဖွယ်ရှိ ကြောင်း၊ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံထံမှ ပဲစင်းငုံအသစ် များ တင်သွင်းရရှိမှုမှာ တန်ချိန် ၁.၅ သိန်းထက် ပိုမိုနိုင်ဖွယ် မရှိဟု ခန့်မှန်းထားကြောင်း၊ ဒုတိယအရင်းအမြစ် ဈေးကွက် ဖြစ်သော အာဖရိကဒေသမှ ပဲစင်းငုံအမြောက်အများကို လွန်ခဲ့ သော ၄ လအတွင်း တင်သွင်းထားခဲ့ပြီးဖြစ်ရာ ၎င်းဒေသမှ ကုန်လက်ကျန် တန်ချိန် ၂၅၀၀၀ မှ ၅၀၀၀၀ အထိသာ ထပ်မံ တင်သွင်းနိုင်ဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းဈေးကွက် မှာ တည်ငြိမ်မှုဆက်လက် ရရှိနေမည်ဖြစ်ပြီး ဈေးနှုန်းများ မြင့်တက်ဖွယ်မရှိသကဲ့သို့ ဈေးနှုန်းများအလွန်အမင်းကျဆင်း လိမ့်မည်မဟုတ်ကြောင်း၊ မတ်ပဲဈေးကွက်သည်လည်း အလား တူ အခြေအနေရှိကြောင်း၊ မတ်ပဲ ရိတ်သိမ်းချိန်၌ မိုးများမှု ကြောင့် ထိခိုက်ပျက်စီးမှု ကြီးမားစွာဖြစ်ပေါ်ခဲ့သော်လည်း အစိုးရ၏ စီမံဆောင်ရွက်မှုများအရ မြန်မာနိုင်ငံထံမှ တန်ချိန် ၅ သိန်းမှ ၆ သိန်းအထိ ဝယ်ယူတင်သွင်းနိုင်မည်ဟု ခန့်မှန်းရ ကြောင်း၊ လာမည့် ၃ လတာအတွင်း ပြည်တွင်းစိုက်ပျိုးမှုမှ လည်း မတ်ပဲအသစ်များ ဈေးကွက်ဝင်ရောက်လာမည်ဖြစ် ကြောင်း၊ သို့ဖြစ်ရာ မတ်ပဲဈေးကွက်မှာ တည်ငြိမ်မှုရရှိနေ မည်ဖြစ်ပြီး ဈေးနှုန်းမှာလည်း MSP နှုန်းထားဝန်းကျင်၌သာ ရှိမည်ဟု ခန့်မှန်းရကြောင်း၊ အစိုးရ၏ ပဲများ လွတ်လပ်စွာ တင်သွင်းခွင့်ကာလ တိုးမြှင့်ခဲ့မှုမှာ အသိအမြင်ရှိစွာဖြင့် ကြို တင်စီမံ ဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပါသည်။

တန်ဇန်နီးယားနိုင်ငံ ပဲမျိုးစုံကွန်ယက် (Tanzania Pulses Network) ၌ တွဲဖက်ပူးပေါင်း ဆောင်ရွက်ရေးမှူး အဖြစ် တာဝန်ယူလျက်ရှိသော Mr Zirack Andrew က အိန္ဒိယအစိုးရ၏ ပဲများလွတ်လပ်စွာ တင်သွင်းခွင့်ကာလ တိုး မြှင့်ကြောင်း ကြေညာချက်မှာ ၎င်းတို့အတွက်သတင်းကောင်း ပင်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နောက်၌ အိန္ဒိယ၏ တတိယမြောက် ပဲအများဆုံးတင်သွင်းရာ နိုင်ငံ အဖြစ် ရောက်ရှိလာခဲ့သော တန်ဇန်နီးယားရှိ ပို့ကုန်လုပ်ငန်း ရှင်များအတွက် အိန္ဒိယနိုင်ငံနှင့် ဆက်စပ်၍ စီးပွားရေးလုပ် ဆောင်ရန် ယုံကြည်မှုကို ပြန်လည်မြှင့်တင်ရာ၌ အထောက် အကူပြုကြောင်း ပြောဆိုပါသည်။ မြန်မာနိုင်ငံ၌ ပဲမျိုးစုံတင် ပို့မှုကို လုပ်ဆောင်လျက်ရှိသော OATA ကုန်သည်အသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr Vatsal Lilani ကလည်း အိန္ဒိယအစိုးရ၏ ယခုလုပ်ဆောင်ချက်သည် ကုန်သွယ်မှုလုပ်ငန်းများ တည် ငြိမ်မှုရရှိစေသကဲ့သို့ စဉ်ဆက်မပြတ် ကုန်စည်ပို့ဆောင်နိုင် ရေးအတွက်လည်း အထောက်အပံ့ပြုကြောင်း၊ ထို့အပြင် အိန္ဒိယနှင့် ပဲတင်ပို့သည့်နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်မှုကို လည်း သေချာခိုင်မာစေကြောင်း၊ အိန္ဒိယအာဏာပိုင်များ၏ ယခုကဲ့သို့ လက်တွေ့ကျသော ကုန်သွယ်ရေးမူဝါဒချမှတ် ဖော်ဆောင်မှုကို မြန်မာကုန်သည်အသိုင်းအဝိုင်းကလည်း ဝမ်းမြောက်စွာ ကြိုဆိုကြောင်းဖြင့် ပြောဆိုပါသည်။

Source: 1. Notification No. S.O. 5317(E) dated 20th December 2021 of the Department of Commerce of India

2. Notification No. S.O. 5318(E) dated 20th December 2021 of the Department of Commerce of India

3. Govt extends import window for pulses; growers fear inflow of cheaper produce, 21-12-2021, Hindu Business Line

4. Govt allows import of moong, urad and tur to continue without quantitative restrictions, 21-12-2021, Hindu Business Line (စီးပွားရေးသံမှူး-အိန္ဒိယ)

## အိန္ဒိယနိုင်ငံ၌ ပဲပုတ်ဆီကြိတ်ဖတ်အား အရေးကြီး ကုန်စည်အဖြစ် သတ်မှတ်လျက် သိုလှောင်နိုင်ခွင့် ကန့်သတ်

အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနသည် ၁၉၅၅ ခုနှစ် အရေး ကြီးကုန်စည်များအက်ဥပဒေကို ကျင့်သုံးလျက် ကုန်ထုတ် လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို ထိန်းသိမ်း ကြပ်မတ်နိုင်ရန် အလို့ငှာ ပဲပုတ်ဆီကြိတ်ဖတ်အား ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ အရေးကြီးကုန်စည်အဖြစ် သတ်မှတ် လိုက်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် S.O. 5369(E) ကို ၂၃-၁၂-၂၀၂၁ နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ အိန္ဒိယပြည် တွင်းဈေးကွက်၌ အဓိက တိရစ္ဆာန်မွေးမြူရေး အစားအစာ ဖြစ်သော ပဲပုတ်ဆီကြိတ်ဖတ်၏ ဈေးနှုန်းများကို လျှော့ချနိုင် ရန် အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ရခြင်းဖြစ်ကြောင်း၊ ယခုဆုံးဖြတ်ချက်သည် ဗဟိုအစိုးရနှင့် ပြည်နယ်/ပြည်ထောင်

စုနယ်မြေ အစိုးရအဖွဲ့များအား ပဲပုတ်ဆီကြိတ်ဖတ်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကိုကြပ်မတ်ရန် အခွင့်အာဏာရရှိစေမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း ကုန်စည်ရရှိနိုင်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုတို့ကို လွယ်ကူချောမွေ့စေမည်ဖြစ်သကဲ့သို့ သင့်တင့်မျှတမှုမရှိသော ဈေးကွက်အလေ့အထများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါသည်။

တစ်ဆက်တည်းမှာပင် အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနသည် ပဲပုတ်ဆီကြိတ်ဖတ်များလက်ဝယ်သိုလှောင်ထားရှိနိုင်ခွင့်ပမာဏကို ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ကန့်သတ်သည့် အမိန့် ( Soya Meal Stock Control Order, 2021) ကို ၂၃-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် S.O. 5370 (E) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အမိန့်အရ ကြိတ်ခွဲထုတ်လုပ်/ ပြုပြင်သူများအနေဖြင့် ၎င်းတို့၏ ၁ ရက်တာကြိတ်ခွဲထုတ်လုပ်နိုင်မှု စွမ်းအားအပေါ် အခြေပြု၍ အများဆုံး ရက်ပေါင်း ၉၀ အတွက် သုံးစွဲရန်လိုအပ်သော ပဲပုတ်ဆီကြိတ်ဖတ်ပမာဏကိုသာ သိုလှောင်ထားရှိနိုင်မည်ဖြစ်ကြောင်း၊ အစိုးရဌာနဆိုင်ရာ၌ ကုန်သွယ်မှုလုပ်ငန်း မှတ်ပုံတင်ထားရှိသည့် ကုမ္ပဏီများ၊ ကုန်သည်များအနေဖြင့် အများဆုံးတန်ချိန် ၁၆၀ အထိ သိုလှောင်နိုင်ကြောင်း၊ လုပ်ငန်းရှင်များသည် ပဲပုတ်ဆီကြိတ်ဖတ်များအား မည်သည့်နေရာဒေသတွင် သိုလှောင်ထားရှိသည်ကို ထုတ်ဖော်ကြေညာရမည်ဖြစ်ကြောင်း၊ အကယ်၍ မိမိလက်ဝယ်၌ ပဲပုတ်ဆီကြိတ်ဖတ်ပမာဏသည် သတ်မှတ်ပြဋ္ဌာန်းချက်ထက် ပိုမိုလျက်ရှိပါက စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဦးစီးဌာန၏ အင်တာနက်စကြိုဖြစ်သော http://evegoils.nic.in/soya_meal_Stock/login သို့ ထုတ်ဖော်ကြေညာရလျက် ရက်ပေါင်း ၃၀ အတွင်း ယခုအမိန့်စာပါ ပမာဏသို့ လျော့ချသိုလှောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အင်တာနက်စကြို၌တင်ပြထားသည့် ပဲပုတ်ဆီကြိတ်ဖတ် သိုလှောင်မှု အချက်အလက်များကို အိန္ဒိယတိရစ္ဆာန်မွေးမြူရေးနှင့်နို့ထွက်ပစ္စည်းဦးစီးဌာနက ပုံမှန်ကြပ်မတ်စစ်ဆေးလျက် လိုအပ်သကဲ့သို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

မျိုးရိုးဗီဇပြုပြင်ထားခြင်းမရှိသော အိန္ဒိယ ပဲပုတ်ဆီကြိတ်ဖတ်များအပေါ် ပြည်ပမှဝယ်လိုအားများပြားမှုနှင့် အတူ ပဲပုတ်စေ့ဈေးနှုန်းများ မြင့်တက်လာခြင်းက ပြည်တွင်း၌ ပဲပုတ်ဆီ ကြိတ်ဖတ်ဈေးနှုန်းများကိုလည်း ၂၀၂၁ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း ၆၀% ကျော်အထိ တစ်ဟုန်ထိုးမြင့်တက်လာစေခဲ့သည်။ မွေးမြူရေးကဏ္ဍမှလုပ်ငန်းရှင်များ၏ တောင်းဆိုမှုအရ အိန္ဒိယအစိုးရသည် မျိုးရိုးဗီဇပြုပြင်ထုတ်လုပ်ထားသည့် ပဲပုတ်ဆီကြိတ်ဖတ် တန်ချိန် ၁.၂ သန်းကို ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့ရာ ဒီဇင်ဘာလအထိ တန်ချိန် ၀.၈ သန်းခန့်ကိုသာ တင်သွင်းထားပြီးဖြစ်သည်။ ထိုသို့ တင်သွင်းခွင့်ပြုထားသော်လည်း ပြည်တွင်းဈေးကွက်တွင် ပဲပုတ်ဆီကြိတ်ဖတ်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ၁၇-၁၂-၂၀၂၁ နေ့ရှိ ဈေးနှုန်းမှာ ယခင်နှစ် ကာလတူထက် ၆၁% ပိုမိုလျက်ရှိသည်။ အိန္ဒိယ ပဲပုတ်ဆီကြိတ်ခွဲထုတ်လုပ်မှု နယ်ပယ်မှ အချက်အလက်များအရ ၂၀၂၀-၂၁ ခုနှစ်၌ ပြည်ပသို့မျိုးရိုးဗီဇ ပြုပြင်ထားခြင်းမရှိသော ပဲပုတ်ဆီကြိတ်ဖတ် တန်ချိန် ၁.၅၆ သန်း တင်ပို့ခဲ့ကြောင်း သိရှိရသည်။

Source: 1. Notification No. S.O. 5369(E) dated 23rd December 2021 of the Department of Food and Public Distribution of India

2. Order No. S.O. 5370(E) dated 23rd December 2021 of the the Department of Food and Public Distribution of India

3. Govt imposes stock holding limits on soymeal till June 2022 to tame prices, 25-12-2021, Business Standard

(စီးပွားရေးသံမှူး-အိန္ဒိယ)

## Dongxing မြို့မှ အအေးခန်းကုန်သေတ္တာများ ဖြတ်သန်းသွားလာမှုကို ခေတ္တဆိုင်းငံ့ထားသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဗီယက်နမ်နှင့် နယ်စပ်ဒေသ၌တည်ရှိသော Dongxing မြို့တွင် ဒီဇင်ဘာလ (၂၂) ရက်နေ့မှစ၍ ပြည်တွင်း၌ ကိုဗစ်ကူးစက်ခြင်းခံထားရသူ လူနာ (၅) ဦးကို စတင်တွေ့ရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ ၎င်းမြို့ကို သီးခြားထားရှိ၍ စောင့်ကြည့်နေပြီး၊ ကျောင်းများ၊ သင်တန်းများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကို ရပ်နားထားသည့်အပြင် Dongxing ကုန်စည်စစ်ဆေးရေးဂိတ်များမှ လူများနှင့် ကုန်ပစ္စည်းများ ဖြတ်သန်းသွားလာမှုအတွက် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများကိုလည်း ရပ်နားထားပါသည်။ ဒီဇင်ဘာလ (၂၅) ရက်နေ့တွင် တရုတ်-ဗီယက်နမ်နယ်စပ်၌ အအေးခန်းဖြင့် စားသောက်ကုန်တင်ပို့တင်သွင်းမည့် လုပ်ငန်းများကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ရာ၊ ထိုအချိန်မှစ၍ ဗီယက်နမ်နိုင်ငံ၊ Mong Cai ဘက်ခြမ်းတွင် အအေးခန်းကွန်တိန်နာအလုံးရေ (၁,၀၀၀) ကျော် သောင်တင်နေကြောင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်မည့်အချိန်ကို ခန့်မှန်း၍မရနိုင်သေးကြောင်း သိရပါသည်။ လက်ရှိအချိန်အထိ တရုတ်နှင့်ဗီယက်နမ်နယ်စပ်ရှိ Dongxing ဂိတ်နှင့် Jingxi ဂိတ်တို့မှ ကုန်ပစ္စည်းများ ဖြတ်သန်းသွားလာခွင့်ကို ရပ်ဆိုင်းထားဆဲဖြစ်ပါသည်။

အအေးခန်း ကုန်သေတ္တာကားတစ်စီးလျှင် နေ့စဉ်ရပ်နားစရိတ်နှင့် လောင်စာဆီစရိတ်စက ယွမ် (၈၀၀) ခန့်ကုန်ကျနေရာ၊ စောင့်ဆိုင်းရသည့်နေ့ရက်များ ကြာမြင့်လာသည်နှင့်အမျှ စရိတ်များတက်လာလျက်ရှိပြီး၊ (၁၅) ရက်ထက် ပိုမိုစောင့်ဆိုင်းရမည်ဆိုပါက အမြတ်ထက် ကုန်ကျစရိတ်ကများသွားနိုင်သည်ဟု သိရပါသည်။ ထို့ပြင် စောင့်ဆိုင်းရချိန် ကြာမြင့်လေ၊ ကုန်သေတ္တာအတွင်း၌ သယ်ဆောင်လာသည့်ကုန်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးနိုင်ခြေက မြင့်မားလေဖြစ်သဖြင့် Dongxing ၌ ကျရောက်နေသောကပ်ရောဂါကို တတ်နိုင်သမျှ အမြန်ဆုံးထိန်းချုပ်နိုင်ပြီး၊ ကုန်စည်စစ်ဆေးရေးဂိတ်များကို အတတ်နိုင်ဆုံး အမြန်ဆုံးဖွင့်လှစ်ပေးမည်ဟု ဗီယက်နမ်ဘက်မှ မျှော်လင့်နေပါသည်။ ဤသို့ ဗီယက်နမ်ဘက်မှ ကုန်းလမ်းဖြင့်ဝင်ရောက်လာမည့် ကုန်စည်များတင်ပို့မှုရပ်တန့်သွားခြင်းကြောင့် တရုတ်ပြည်တွင်းရောင်းလိုအားဈေးကွက်နှင့် ဈေးနှုန်းများအပေါ် အတိုင်းအတာတစ်ခုအထိ ရိုက်ခတ်သွားနိုင်သည်ဟုလည်း သုံးသပ်နေကြပါသည်။

ရင်းမြစ်၊ Baidu (စီးပွားရေးသံမှူး-နန်နင်း)

## ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးနှုန်းများ အတက်အကျဖြစ်ပေါ်ခဲ့

ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် တရုတ်နိုင်ငံအတွင်း၌ ဖြစ်ပေါ်ခဲ့သည့် စားအုန်းဆီ၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၉,၄၂၀) ဖြစ်ပြီး၊ (၀.၆၃) ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ပဲပုပ်ဆီ၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၉,၆၂၀) ဖြစ်ပြီး၊ (၀.၉) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ရေနံစိမ်းနှင့် မလေးရှားစားအုန်းဆီများ၏ ဈေးနှုန်းများ ကျရိပ်ပြခဲ့ပြီး အမေရိကန်မှ ပဲပုပ်ဆီထွက်ရှိလာနိုင်သောကြောင့် ပဲပုပ်ဆီနှင့် စားအုန်းဆီကြိုရောင်းသော ဈေးကွက်မှာ ပထမတွင် ကျရိပ်ပြခဲ့ပြီး၊ ဈေးနှုန်းပြန်လည် မြင့်တက်သွားကာဈေးကွက်ပိတ်ခဲ့ပါသည်။ ယခုအခါ နှစ်သစ်ကူးရက်နှင့် နွေဦးရာသီပွဲတော်ရက်များ နီးကပ်လာပြီဖြစ်ရာ၊ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးများ အမြင့်ပိုင်း၌ ရှိနေနိုင်မည်ဟု ခန့်မှန်းပါသည်။

ရင်းမြစ်၊ SunSirs (စီးပွားရေးသံမှူး-နန်နင်း)

## စမ်းသပ်ဇုန်များတွင် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် တံခါးပိုမိုဖွင့်လှစ်ပေးလိုက်သည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် ၎င်း၏စမ်းသပ်ဇုန်အချို့တွင် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အဆင့်မြင့်သည့် တံခါးဖွင့်ဆောင်ရွက်ပေးမှုများကို ချမှတ်လိုက်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဆုံးရှုံးနိုင်ခြေကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် အမှားအယွင်းဖြစ်တတ်သည့် ကိစ္စများအတွက် ဆောင်ရွက်ထားကြောင်း State Administration of For-eign Exchange (SAFE) မှ တာဝန်ရှိသူက ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြောကြားလိုက်ပါသည်။ ရှန်ဟိုင်း၊ ကွမ်တုန်း၊ ဟိုင်နန်နှင့် ကျဲ့ကျန်းပြည်နယ်များရှိ သတ်မှတ်ထားသည့် စမ်းသပ်ဇုန်များအတွင်းရှိ ကုမ္ပဏီများအတွက် နိုင်ငံဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေကြေးလမ်းကြောင်းများကို တရုတ်နိုင်ငံက တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

အငယ်စား၊ အသေးစားနှင့်အလတ်စား နည်းပညာအဆင့်မြင့်ကုမ္ပဏီများကို ပြည်ပမှ ငွေချေးနိုင်ရန် ကိုတာခွဲဝေပေးမည်ဖြစ်ပြီး၊ နိုင်ငံဖြတ်ကျော် ပိုင်ဆိုင်မှုလွှဲပြောင်းပေးသည့် စီးပွားရေးလုပ်ငန်းများနှင့် တရုတ်နိုင်ငံက တည်ငြိမ်စွာနှင့် ချင့်ချင့်ချိန်ချိန်ရှိစွာ စမ်းသပ်ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဆုံးရှုံးနိုင်ခြေ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းအားဖြင့် နိုင်ငံဖြတ်ကျော် မတည်ငွေရင်းစီးဆင်းမှု ဆုံးရှုံးရနိုင်ခြေများကို စောစီးစွာ သတိပေးခြင်းနှင့် ထိန်းကျောင်းခြင်းကို အားကောင်းခိုင်မာစေရန် တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်တွင် တည်ငြိမ်မှုနှင့် ဥပဒေစိုးမိုးမှုရှိစေရန် တရားမဝင်သည့် ဆောင်ရွက်မှုများအပေါ် နှိမ်နင်းခြင်းနှင့် ဖြစ်ပေါ်လာသည့်ကိစ္စများအပေါ် ပြင်ဆင် ချိန်ညှိမှုများပြုလုပ်ခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua (စီးပွားရေးသံမှူး-နန်နင်း)

## နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်ပေးရန် ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံဘက်သို့ တောင်းဆိုထား

Covid ကာကွယ်ရေး စီမံဆောင်ရွက်မှုများကြောင့် ပိတ်ထားသည့် တရုတ်-ဗီယက်နမ် နယ်စပ်ဂိတ်များကို ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် ကုန်သေတ္တာများ ကြပ်ညပ်နေသည့် ပြဿနာကို ဖြေရှင်းရန် အကောက်ခွန်ရှင်းလင်းရေးဆောင်ရွက်ချိန်များကို တိုးချဲ့ပေးရန် ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဘက်သို့ တောင်းဆိုထားကြောင်းနှင့် ထိုကဲ့သို့ ပိတ်ပင်ထားမှုများမှာ မလိုအပ်ကြောင်း ဗီယက်နမ်အကြီးတန်းကုန်သွယ်ရေးအရာရှိတစ်ဦးက ကွမ်ရှီး ကုန်သွယ်ရေးအရာရှိများသို့ ပြောကြားခဲ့ကြောင်း သိရပါသည်။ ယခုကဲ့သို့ ပိတ်ပင်ထားမှုများကြောင့် ကုန်စည်စီးဆင်းမှုကွင်းဆက်များ၌ နှောင့်

နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေကာ၊ နှစ်နိုင်ငံကုန်သွယ်ရေး ဖွံ့ဖြိုးမှုများတွင် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း၊ နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအပေါ် ဆိုးရွားမှုကြီးများဖြစ်စေသည်သာ အဖတ်တင်ကြောင်း ဗီယက်နမ်ဘက်မှ အရာရှိများက ပြောကြားခဲ့ပါသည်။ အကောက်ခွန်စစ်ဆေးရေးဂိတ်များ၌ ဝန်ထမ်းလိုအပ်ချက်ကို ဖြေရှင်းရန် ယာဉ်မောင်းများနှင့် လုပ်သားများကို ကွမ်ရှီးဘက်၌ ပိုမိုခန့်ထားပေးရန်နှင့် ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသည့် ဗီယက်နမ်များကိုလည်း အလုပ်လုပ်ကိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော်ခွင့်ပြုရန်၊ မီးရထားနှင့် သင်္ဘောတို့ဖြင့် ကုန်တင်ပို့ထားသည်များကို လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရန်၊ ဗီယက်နမ်မှ နဂါးမောက်သီးများတင်သွင်းမှုကို ပြန်လည်စတင်ပေးရန်စသည့်အချက်များကို ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက တောင်းဆိုထားပါသည်။

ကွမ်ရှီးဘက်မှကုန်သွယ်ရေးအရာရှိများက အကောက်ခွန်ရှင်းလင်းရေး ကြာမြင့်ချိန်ကို နှစ်ဖက်အာဏာပိုင်များ သဘောတူထားသည့် နယ်စပ်ဂိတ်သဘောတူညီချက်အပေါ် အခြေခံ၍ ပိုမိုမြန်ဆန်လာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်ဘက်မှ တောင်းဆိုထားသည်များကို အထက်သို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်ဟု သိရပါသည်။ တရုတ်ဘက်မှ Covid -19 ကာကွယ်ရေး စီမံဆောင်ရွက်မှုများကြောင့် တရုတ်-ဗီယက်နမ်နယ်စပ်၏ ဗီယက်နမ်ဘက်အခြမ်းတွင် တစ်လကျော်ကြာမြင့်သည်အထိ ကုန်တင်ယာဉ်များပိတ်မိလျက်ရှိပါသည်။ အချို့ယာဉ်များပေါ်တွင် သယ်ဆောင်လာသည့် ကုန်စိမ်းများမှာ ပျက်စီးစပြုလာသဖြင့် နယ်စပ်ဂိတ်မှပြန်လှည့်၍ ပြည်တွင်း၌ပင်လျှော့ဈေးဖြင့် ဖြန့်ဖြူးပေးနေရကြောင်း သိရပါသည်။ ဗီယက်နမ် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Nguyen Hong Dien က တရုတ်နိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန၊ အကောက်ခွန်ဌာနနှင့် ကွမ်ရှီးနှင့် ယူနန်ရှိ ပြည်နယ်အစိုးရများထံသို့စာပေးပို့ကာ ၎င်းပြဿနာရပ်များကို ဝင်ရောက်ကူညီပေးရန် တောင်းဆိုထားကြောင်း သတင်းရရှိပါသည်။

ရင်းမြစ် ၊ e.vnexpress.net (စီးပွားရေးသံမှူး–နန်နင်း)

## ကွမ်ရှီးတွင် ကုန်စည်အလေးလံဆုံးတင်ဆောင်ထားသည့် သင်္ဘောများ ဖြတ်သန်းသွားလာနိုင်သည့် ရေကြောင်းလမ်းကို စမ်းသပ်ပြေးဆွဲ

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ရှင်းကျန်းကုန်သေတ္တာတင် သင်္ဘောလိုင်း၏ ကွေ့ဂမ်နှင့် ဝူကျိုးကြား ရေကြောင်းလမ်းပိုင်းပေါ်တွင် မက်ထရစ်တန်ချိန် (၃) ထောင် တင်ဆောင်ထားသည့် သင်္ဘောများပြေးဆွဲမည့် ပထမအဆင့်ကို စမ်းသပ်ခဲ့ကာ၊ ကွမ်ရှီး၏ ကုန်းတွင်းပိုင်းမြစ်များ အားလုံးအနက် ကုန်စည်အလေးလံဆုံးတင်ဆောင်ထားသည့် သင်္ဘောပြေးဆွဲသည့် လမ်းကြောင်းဖြစ်လာမည်ဖြစ်ကြောင်း သိရပါသည်။ ၎င်းလမ်းကြောင်းမှာ အနောက်ပိုင်းရှိ နန်နင်းမြို့မှ စတင်ကာ အရှေ့ဘက်ရှိ ကီလိုမီတာ (၈၅၀) ကွာဝေးသည့် ကွမ်တုန်းပြည်နယ်၏ မြို့တော်ကွမ်ကျိုးတွင် အဆုံးသတ်မည်ဖြစ်ပါသည်။ ၎င်းလမ်းပိုင်းကို အပိုင်း (၂) ပိုင်းခွဲ၍ တည်ဆောက်နေပြီး၊ ပထမအဆင့်တွင် ကီလိုမီတာ (၂၆၆.၅) ပါဝင်ပါသည်။ “ရွှေရောင်လွှမ်းသည့် သင်္ဘောလမ်းကြောင်း” ဟုလူသိများသည့် ၎င်းရေကြောင်း လမ်းသည် ကွမ်တုန်း-ဟောင်ကောင်-မကာအို မဟာပင်လယ်အော်ဧရိယာနှင့် ကွမ်ရှီးကိုဆက်သွယ်ပေးသည့် အရေးပါသောလမ်းကြောင်းဖြစ်လာပြီး၊ ပုလဲမြစ်နှင့် ရှင်းကျန်းမြစ် စီးပွားရေးရပ်ဝန်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။




ရှင်းကျန်း ကုန်သေတ္တာတင် သင်္ဘောလိုင်း၏ ကွေ့ဂမ်နှင့် ဝူကျိုးကြားသင်္ဘောလမ်းပိုင်းကိုတွေ့မြင်ရပုံ (ဓာတ်ပုံရင်းမြစ် – Nanguo Morning )

မကြာသေးမီနှစ်များအတွင်း ရှင်းကျန်းကုန်သေတ္တာတင်သင်္ဘောလိုင်းမှာ သင်္ဘောလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် အရှိန်အဟုန်ကြီးမားစွာ ရရှိလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်၊ ပထမ (၁၁) လအတွင်း ၎င်းသင်္ဘောလိုင်းမှ သင်္ဘောခေါက်ရေ (၃၄၃,၀၀၀) ကြောင်းကို ပြေးဆွဲပေးခဲ့ကာ ယခင်နှစ်ကထက် (၆.၂၁) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ၎င်းသင်္ဘောများဖြင့် ကုန်စည်တန်ချိန်ပေါင်း (၃၂၃)သန်းကို သယ်ဆောင်ပေးခဲ့ပြီး ယခင်နှစ်ကထက် (၆.၂၅) ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn (စီးပွားရေးသံမှူး-နန်နင်း)

## ဂျာမနီနိုင်ငံ၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများ

ဂျာမနီနိုင်ငံတွင် Federal Ministry of Justice and Consumer Protection(BMJV) သည် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းရပ်များအတွက် ဥပဒေပြုရေး၊ မူဝါဒချမှတ်ရေး၊ အကြံပြုချက်များပံ့ပိုးပေးခြင်းတို့ကို အဓိကဆောင်ရွက်သည့် ဝန်ကြီးဌာနဖြစ်ပါသည်။ နိုင်ငံတွင်း အခြားဝန်ကြီးဌာနများ၏ ဥပဒေချမှတ်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေကဏ္ဍတစ်ရပ်လုံးနှင့် ကိုက်ညီစွာဆောင်ရွက်ခြင်းရှိမရှိကို စစ်ဆေးအကဲဖြတ်သည့် ဌာနတစ်ခုအဖြစ်ဆောင်ရွက်ပြီး စားသုံးသူများအတွက် လုံခြုံမှုရှိရေးနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရှိရေးတို့ကိုလည်း ရည်ရွယ်ချက်ထားရှိဆောင်ရွက်ပါသည်။ လုပ်ငန်းရှင်များနှင့် စားသုံးသူများအကြား ကွာဟမှုနည်းပါးစေရန် ကုန်စည်နှင့် ဝန်ဆောင်မှုများပံ့ပိုး ဆောင်ရွက်မှုတွင် ပွင့်လင်းမြင်သာရှိမှု၊ အချက်အလက် ကောင်းမွန်ပြည့်စုံမှု၊ နှိုင်းယှဉ်နိုင်မှုစသည်တို့ သေချာမှုရှိစေရန်တို့ကို ဦးတည်ဆောင်ရွက်ပါသည်။ စားသုံးသူဈေးကွက်တွင် လုံခြုံစိတ်ချမှုရှိသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ပြီး လိမ်ညာလှည့်စားမှုများကိုကာကွယ်တားဆီးနိုင်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားရှိပါသည်။ ထို့အပြင် stakeholders များအကြား တွေ့ဆုံဆွေးနွေးမှုများနှင့် စားသုံးသူ သတင်းအချက်အလက်နှင့် အသိပညာပေးမှုများကို တိုးမြှင့်ဆောင်ရွက်ပေးပါသည်။

ဝန်ကြီးဌာနတွင် Consumer Policy ဌာနကို ညွှန်ကြားမှုဦးစီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းထားပြီး စားသုံးသူအခွင့်အရေးများအတွက် ဥပဒေပိုင်းနှင့် ကုန်သွယ်စီးပွားရေးနယ်ပယ်ပိုင်းတို့တွင် အကာအကွယ်ပေးရေးကို ဦးစားပေးဆောင်ရွက်ပါသည်။ ဦးစားပေးနယ်ပယ်များအနေဖြင့် သတင်းအချက်အလက်ကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှု၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုကဏ္ဍများတို့ဖြစ်ပြီး စားသုံးသူသတင်းအချက်အလက်များ၊ အသိပညာပေးမှုများ၊ စားသုံးသူသုတေသနလုပ်ငန်းများနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အတည်ပြုလိုက်နာ ဆောင်ရွက်နိုင်ရေးတို့အတွက်လည်း အဓိကဦးတည်ဆောင်ရွက်ပါသည်။ ထို့ပြင် ဈေးကွက်တွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရန် ဥရောပကော်မရှင် စားသုံးသူကာကွယ်ရေးအကောင်အထည်ဖော်ရေး အက်ဥပဒေ (EC Consumer Protection Implementing Act)၊ စားသုံးသူမူဝါဒအစီရင်ခံစာ (Consumer Policy Report) နှင့် ကျန်းမာရေးဆိုင်ရာ စားသုံးသူသတင်းအချက်အလက်များ အက်ဥပဒေ (the Act for the Improvement of Health–related Consumer Information) များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ပါသည်။ ထို့အတူ ဂျာမနီနိုင်ငံ၏အဓိက ထုတ်ကုန်များကို စစ်ဆေးသည့် အဖွဲ့အစည်းတစ်ခုအနေဖြင့်လည်းကောင်း၊ ဂျာမန်စားသုံးသူရေးရာ အဖွဲ့အစည်းများ၏ ဖက်ဒရေးရှင်းတစ်ခုအနေဖြင့်လည်းကောင်း တာဝန်ယူဆောင်ရွက်ပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှတဆင့် စားသုံးသူရေးရာ မူဝါဒပိုင်းတွင် ကမ္ဘာအနှံ့ချိတ်ဆက်မှုများကိုလည်း ပြုလုပ်ဆောင်ရွက်ပါသည်။ Consumer Policy ဌာနသည် ဝန်ကြီးဌာန၏ သုတေသနပိုင်းဆိုင်ရာ ကိုယ်စားလှယ်အနေနှင့်သာမက ဖက်ဒရယ်အစိုးရ၏ သုတေသနလုပ်ငန်းရပ်များနှင့် ဥရောပဆိုင်ရာ သုတေသနလုပ်ငန်းအစီအစဉ်များတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းမှတဆင့် နိုင်ငံအတွင်း ရေရှည်တည်တံ့ရေး၊ လူမှုရေးဆိုင်ရာတာဝန်ယူဆောင်ရွက်မှု၊ မြို့ပြလူ့အဖွဲ့အစည်းနှင့် လူဦးရေစာရင်းအင်းစသည်တို့တွင်လည်း ပါဝင်ဆက်သွယ်ဆောင်ရွက်ခြင်းပြုလုပ်လျှက်ရှိပါသည်။

Source: (စီးပွားရေးသံမှူး-ဂျာမနီ)

## တရုတ်နိုင်ငံတွင် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များအရ ကောက်ခွန်လျှော့ချကောက်ခံသွားမည်

အရည်အသွေးမြင့်မားသည့် ဖွင့်လှစ်မှုများအား တိုးတက်လာစေရန်အတွက် တရုတ်နိုင်ငံသည် နိုင်ငံပေါင်း (၂၉) နိုင်ငံမှထုတ်လုပ်တင်ပို့သည့် ကုန်စည်များအပေါ်တွင် ကောက်ခံသည့် အကောက်ခွန်နှုန်းထားများအား ၂၀၂၂ ခုနှစ်မှ စတင်၍ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များ အရ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်ချုပ်ဆိုထားသည့် နယူးဇီလန်၊ ပီရူး၊ ဆွစ်ဇာလန်၊ အိုင်ယာလန်နှင့် Costa Rica တို့ အပါအဝင်နိုင်ငံနှင့် ဒေသများမှ ထုတ်လုပ်တင်ပို့မည့် ကုန်စည်များအပေါ်ကောက်ခံမည့် အကောက်ခွန်နှုန်းထားများအား ပိုမိုလျှော့ချပေးမည်ဖြစ်ကြောင်း၊ အလားတူပင် တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်နှင့် တရုတ်-ကမ္ဘောဒီးယား လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရ

ပါသည်။ ထို့ကဲ့သို့ အကောက်ခွန်များ လျှော့ချခြင်းဖြင့် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်၊ အရည်အသွေးမြင့်မားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်သွင်းမှုများ မြင့်တက်လာစေရန်အတွက် တင်သွင်းရာတွင် ကောက်ခံသည့် အကောက်ခွန်နှုန်းများ ပိုမိုလျှော့ချပေးရန် ကြိုးပမ်း လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အလားတူပင် တရုတ်နိုင်ငံသည် တရုတ်-စင်္ကာပူနှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေးမှုများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးမှုများ ပိုမိုတိုးတက်လာခြင်းဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဈေးကွက်ဝင်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည်ဟု တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

source: https://www.globaltimes.cn/page/202112/1241606.shtml (စီးပွားရေးသံမှူး-ဘေကျင်း)

## တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးတည်ငြိမ်စေရန် ဆက်လက်လုပ်ဆောင်သွားမည်

တရုတ်နိုင်ငံသည် လာမည့် ၂၀၂၂ ခုနှစ်အတွင်း၌ ဘဏ္ဍာရေးမူဝါဒများ ပိုမိုထိရောက်စေရန်၊ သုံးစွဲမှုများတည်ငြိမ်စွာဖြင့် ပြန်လည်နလန်ထူလာနိုင်စေရန် မျှော်မှန်းချက်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် အပါအဝင် နိုင်ငံစီးပွားရေး၏ အခြေခံအုတ်မြစ်များ တည်ငြိမ်မှုရှိစေရန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးတည်ငြိမ်စေရန် အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ပြီး ထိရောက်သည့် ဘဏ္ဍာရေးမူဝါဒ၊ ပွင့်လင်းမြင်သာသည့် ငွေကြေးမူဝါဒများ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အလားတူပင် ဖွံ့ဖြိုးတိုးတက်မှုပုံစံအသစ်ဖြစ်ပေါ်လာစေရန်၊ ပြုပြင်ပြောင်းလဲမှုများ ပိုမိုလုပ်ဆောင်ရန်၊ ကဏ္ဍစုံဖွင့်လှစ်ပေးမှုများ ဆောင်ရွက်ရန်၊ COVID-19 ကမ္ဘာ့ကပ်ရောဂါတိုက်ဖျက်မှုများ ပူးပေါင်းဆောင်ရွက်ရန်၊ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ စီးပွားရေးအဓိက အညွှန်းကိန်းများအား သင့်တော်သည့်အတိုင်းအတာအတွင်း ထားရှိရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် စီးပွားရေးမူဝါဒများ ထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန်၊ ငွေဖြစ်လွယ်မှုအား သင့်တော်ပြီးဖြစ်နိုင်ခြေရှိသည့် အနေအထားတွင် ထိန်းသိမ်းခြင်းဖြင့် ငွေကြေးမူဝါဒများ အဆင်ပြေစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူပင် ထိရောက်သည့်ရင်းနှီးမြှုပ်နှံမှုများ ကျယ်ပြန့်လာစေရန်အတွက် စီမံဆောင်ရွက်မှုများအပါအဝင် ပြည်တွင်းဝယ်လိုအား တိုးတက်လာစေမည့်ဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်မှာလည်း အရေးကြီးကြောင်း၊ ထို့အပြင် ထုတ်လုပ်မှုကဏ္ဍများ၌ ပြင်းထန်သည့်ပြိုင်ဆိုင်မှုများ ဖယ်ရှားခြင်း၊ တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုများ ခံနိုင်ရည်ရှိစေရေး မြှင့်တင်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားသင့်ကြောင်း၊ အလားတူပင် အိမ်၊ ခြံ၊ မြေဈေးကွက်နှင့် ပတ်သက်၍ အိမ်ဝယ်ယူသူများ၏ ဝယ်လိုအားနှင့် ကိုက်ညီမှုရှိစေရန် ပြည်သူလူထုလက်လှမ်းမီနိုင်သည့် အိမ်ယာစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆက်လက်လုပ် ဆောင်သွားသင့်ကြောင်း၊ တရုတ်သမ္မတ၊ မစ္စတာ ရှီကျင့်ဖျင် ဦးဆောင်ကျင်းပခဲ့သည့် CPC ဗဟိုကော်မတီ အစည်းအဝေးတွင် မူဝါဒရေးဆွဲသူများမှ ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

Source: http://www.chinadaily.com.cn/a/202112/07/WS61ae9790a310cdd39bc79b05.html (စီးပွားရေးသံမှူး-ဘေကျင်း)

## တရုတ်နိုင်ငံက ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ပထမဆုံး စက္ကူဖြူစာတမ်း ထုတ်ပြန်

တရုတ်နိုင်ငံသည် ဆက်စပ်မူဝါဒများကို အပြည့်အစုံ ဖော်ပြရန်နှင့် ၎င်း၏ ရပ်တည်ချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းကို ပိုမိုနားလည်သဘောပေါက်စေရန်အတွက် ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ပထမဆုံးစက္ကူဖြူစာတမ်းကို (၂၉-၁၂-၂၁) ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သည်။ "တရုတ်ပြည်ပတင်ပို့မှု ထိန်းချုပ်ရေး" ခေါင်းစဉ်ဖြင့် နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးမှ ထုတ်ပြန်သည့်စာတမ်းတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်၊ အဖွဲ့အစည်းများနှင့် ကျင့်ထုံးများကို မြှင့်တင်ရာတွင် ပို့ကုန်ထိန်းချုပ်ရေး အုပ်ချုပ်ရေးစနစ်အပြင် နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကိုကာကွယ်ရန် ၎င်း၏ကတိကဝတ်များနှင့် လုပ်ဆောင်ချက်များကို အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။ စက္ကူဖြူစာတမ်း၏ အဓိကအပိုင်းမှာ အပိုင်းလေးပိုင်း ပါဝင်သည့် ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ တရုတ်နိုင်ငံ၏ အခြေခံရပ်တည်ချက်၊ ပို့ကုန်ထိန်းချုပ်မှုအတွက် တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းစနစ်အား ဆက်လက်တိုးတက်စေရေး၊ ပို့ကုန်ထိန်းချုပ်ရေးစနစ် ခေတ်မီရေး၊ နိုင်ငံတကာဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်သည်။

မတည်မငြိမ်ဖြစ်စေသော အချက်များနှင့် မသေချာမရေရာမှုများ တိုးမြင့်လာခြင်း၊ နိုင်ငံတကာလုံခြုံရေးနှင့် စည်းမျဉ်းစည်းကမ်းများကို နှောင့်ယှက်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး

အတွက် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများတို့နှင့်အတူ ကမ္ဘာကြီးသည် ရာစုနှစ်တစ်ခုအတွင်း မမြင်နိုင်သောလေးနက်သော အပြောင်းအလဲများကို ကြုံတွေ့နေရကြောင်း နိုင်ငံတကာနှင့် ဒေသတွင်း လုံခြုံရေးအန္တရာယ်များနှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကာအကွယ်ပေးရန်အတွက် တရားမျှတသော၊ ကျိုးကြောင်းဆီလျော်ပြီး ခွဲခြားမှုမရှိသော ပို့ကုန်ထိန်းချုပ်ရေးအစီအမံများသည် ပိုမိုအရေးကြီးကြောင်း တရုတ်နိုင်ငံသည် အမျိုးသားလုံခြုံရေးအတွက် ဘက်စုံချဉ်းကပ်မှုတစ်ရပ်ကို ချဉ်းကပ် လျှောက်လှမ်းနေပြီး စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တွင် ပေါင်းစည်းရန် ပိုမိုတက်ကြွသောခြေလှမ်းများကိုလုပ်ဆောင်နေကြောင်း အဆိုပါစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

ပိုမိုပွင့်လင်းသော စီးပွားရေးနှင့် ပိုမိုငြိမ်းချမ်းသော တရုတ်နိုင်ငံကို တည်ဆောက်ရန်အတွက် နိုင်ငံအနေဖြင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အာမခံချက်ရှိသော လုံခြုံရေးတို့ကြား အပြန်အလှန် အကျိုးသက်ရောက်မှုရှိစေရန်၊ ၎င်း၏ ပို့ကုန်ထိန်းချုပ်ရေးစနစ်ကို ခေတ်မီစေရန်နှင့် ပို့ကုန်ထိန်းချုပ်ရေး စီမံခန့်ခွဲမှုတွင် တိုးတက်မှုသစ်များရရှိရန် ကြိုးပမ်းနေကြောင်း တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်မှနေ၍ ၎င်း၏ တာဝန်ဝတ္တရားများကိုတာဝန်ယူမည်ဖြစ်ပြီး ၎င်း၏နိုင်ငံတကာ တာဝန်များကို အသိစိတ်ရှိရှိဆောင်ရွက်ကာ နိုင်ငံတကာဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကြောင်း ပို့ကုန်ထိန်းချုပ်ရေး နိုင်ငံတကာညှိနှိုင်းဆောင်ရွက်မှုတွင်ပါဝင်ရန်၊ ဆက်စပ်နိုင်ငံတကာ လုပ်ငန်းစဉ်များ တိုးတက်လာစေရန်နှင့် မျှဝေသောအနာဂတ်ကမ္ဘာ့အသိုက်အဝန်းကို တည်ဆောက်ကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခိုင်မာသော တွန်းအားပေးမှု ဖော်ဆောင်ရာတွင် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

အဆိုပါစက္ကူဖြူစာတမ်းကို http://www.scio.gov.cn/zfbps/32832/Document/1718303/1718303.htm တွင်ရရှိနိုင်ပါသည်။

ရင်းမြစ် http://www.chinadaily.com.cn/a/202112/29/WS61cbc33ca310cdd39bc7e0d4. html (စီးပွားရေးသံမှူး-ကူမင်း)

## ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ (၁၁) လအတွင်း စင်ကာပူနိုင်ငံ၏ ငါးနှင့်ပင်လယ်စာတင်သွင်းမှုတန်ချိန် ကျဆင်းခဲ့

ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်ထားသောစာရင်းအရ စင်ကာပူနိုင်ငံသည် ငါးနှင့်ပင်လယ်စာများကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ (၁၁) လအတွင်း တန်ချိန် ၁၁၁,၄၉၀ တင်သွင်းခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ် အလားတူကာလတွင် တင်သွင်းခဲ့သော တန်ချိန် ၁၁၅,၁၃၉ ထက် တန်ချိန် ၃,၆၄၉ လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ငါးနှင့်ပင်လယ်စာတင်သွင်းမှုစာရင်းတွင် ငါးခြောက်နှင့် ငါးဆားနယ်များ မပါဝင်ကြောင်းဖော်ပြထားပါသည်။ စင်ကာပူသည် ငါးနှင့် ပင်လယ်စာများကို ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၁၂၈,၅၀၈၊ ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၁၂၅,၄၀၃၊ ၂၀၁၈ ခုနှစ်တွင် တန်ချိန် ၁၂၁,၂၀၆ တင်သွင်းခဲ့ပါသည်။ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ နော်ဝေနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးတင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

သတင်းရင်းမြစ် ။ ။ Department of Statistics, Singapore Food Agency (စီးပွားရေးသံမှူး-စင်ကာပူ)

## တောင်ကိုရီးယားနိုင်ငံတွင် ဆန်ဈေးနှုန်းတည်ငြိမ်စေရန် တောင်ကိုရီးယားအစိုးရမှ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆန်တန်ချိန် (၂) သိန်းကို ဝယ်ယူသွားမည်



တောင်ကိုရီးယားအစိုးရသည် ဆန်အပါအဝင် ကောက်ပဲသီးနှံဈေးနှုန်းများတည်ငြိမ်စေရန် ယခု ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းထွက် ဆန်တန်ချိန် (၂၀၀,၀၀၀) ကိုဝယ်ယူသွားမည်ဟု ဆန်စပါးဈေးကွက်တည်ငြိမ်စေရေး အာဏာရပါတီက စိုက်ပျိုးရေး အာဏာပိုင်များနှင့်တွေ့ဆုံခဲ့ပြီးနောက် (၂၈-၁၂-၂၀၂၁) ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ယခုနှစ်အတွက် ပိုလျှံဆန်တန်ချိန် (၂၇၀,၀၀၀) အနက်မှ တန်ချိန် (၂၀၀,၀၀၀) ကို မကြာမီကာလအတွင်း အစိုးရက ဝယ်ယူ၍ ဈေးကွက်မှ ခွဲထုတ်ထားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် သက်ဆိုင်ရာဆက်စပ်အဖွဲ့အစည်းတွေများနှင့် ဆွေးနွေးပြီးရင် ဆန်တန်ချိန် (၂၀၀,၀၀၀) ဝယ်ယူမည့် အသေးစိတ်အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် ကြေညာပေးမည်ဖြစ်ကြောင်း၊

တောင်ကိုရီးယားအစိုးရအနေဖြင့် ဈေးကွက်အခြေအနေနှင့် ဆန်၊ အရန်ဆန် အခြေအနေများကို စောင့်ကြည့်သွားမည်ဖြစ်ပြီး၊ ကျန်ပိုလျှံဆန် တန်ချိန် (၇၀,၀၀၀) ကို မည်သည့်အချိန်တွင် ဝယ်ယူသင့်သည်ဆိုသည်ကို ဆက်လက်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း လက်ရှိအာဏာရ ဒီမိုကရက်တစ်ပါတီ (Democratic Party of Korea- DP)၏ လွှတ်တော် ကိုယ်စားလှယ် Park Wan-joo က အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

ယခုနှစ် တောင်ကိုရီးယားနိုင်ငံ၏ ဆန်အထွက်နှုန်းမှာ တန်ချိန် (၃.၈၈) သန်း ရှိ၍ ယခင်နှစ်ကထက် (၁၀.၇) ရာခိုင်နှုန်း မြင့်တက်လာကာ မျှော်မှန်းထားသည့် လိုအပ်မှု ဆန်တန်ချိန် (၃.၆၁) သန်းထက်ကျော်လွန်နေသဖြင့် ပိုလျှံဆန်တန်ချိန် (၂၇၀,၀၀၀) ရှိလာပြီးနောက် အဆိုပါ အစီအစဉ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ ရောင်းလိုအား များလွန်းခြင်းကြောင့် စပါးဈေးသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ဆန်းပိုင်းမှစပြီး (၁၀) ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့သဖြင့် တောင်သူများ၏ဝင်ငွေ တစ်ဖြည်းဖြည်း ကျဆင်းလာခဲ့ကြောင်း၊ ဆန်စပါးစီမံခန့်ခွဲမှုဥပဒေ (Grain Management Law)အရ ရိတ်သိမ်းပြီးသည့်ပမာဏသည် မျှော်မှန်းထားသည့် ဝယ်လိုအားထက် (၃) ရာခိုင်နှုန်း ပိုနေပါက (သို့မဟုတ်) ၎င်း၏ဈေးနှုန်းသည် ယခင်နှစ်ထက် (၅) ရာခိုင်နှုန်း (သို့မဟုတ်) ယင်းထက်ပို၍ ကျဆင်းနေပါက အစိုးရအနေဖြင့် အဆိုပါဆန်များကို ဈေးကွက်မှ ခွဲထုတ်နိုင်ခွင့်ရှိပါသည်။ သို့ပါ၍ တောင်ကိုရီးယားနိုင်ငံအတွင်း၌ ဆန်ဈေးနှုန်းတည်ငြိမ်စေရန် တောင်ကိုရီးယားအစိုးရမှ ပြည်တွင်းမှထွက်ရှိသော ပိုလျှံဆန်တန်ချိန် (၂) သိန်းကို ဝယ်ယူသွားမည့်အခြေအနေအား သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

ရင်းမြစ်: Yonhap News Agency (စီးပွားရေးသံမှူး-တောင်ကိုရီးယား)

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်မှ (၁၀) ရက်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ဆက်လက်တိုးတက်တင်ပို့နိုင်လျက်ရှိမှုအခြေအနေ

၂၀၂၀ ပြည့်နှစ်၊ စတုတ္ထသုံးလပတ်တွင် စတင်ခဲ့သော တောင်ကိုရီးယား၏ လျင်မြန်သော ပို့ကုန်စွမ်းဆောင်ရည်သည် ၂၀၂၂ ခုနှစ်၏ ဇန်နဝါရီလ ပထမ(၁၀) ရက်အတွင်း စဉ်ဆက်မပြတ် ဆက်လက်တိုးတက်လျက်ရှိနေခဲ့ကြောင်း၊ သွင်းကုန်အနေဖြင့် ၂၀၂၂ ခုနှစ်၊ နှစ်ဆန်း (၁၀) ရက်တာကာလအတွင်း အမေရိကန်ဒေါ်လာ (၁၈.၈၉) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ကာ ယခင်နှစ်ကာလတူထက် (၅၇.၁) ရာခိုင်နှုန်း



Photo: Busan Port (10-1-2011)

တိုးတက်လာကြောင်း နိုင်ငံပိုင်အကောက်ခွန်စာရင်း အချက်အလက်များက ဖော်ပြမှုများအရ သိရှိရပါသည်။ တောင်ကိုရီးယား အကောက်ခွန်ဝန်ဆောင်မှုစာရင်းများအရ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်မှ (၁၀) ရက်ထိ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်သည် အမေရိကန်ဒေါ်လာ (၁၃.၉) ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ကာလတူ၏ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ (၁၁.၂) ဘီလီယံနှင့် နှိုင်းယှဉ်လျှင် (၂၄.၄) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အဓိကအားဖြင့် တီဗီများ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များနှင့် ဖုန်စုပ်စက်များကဲ့သို့သော အိမ်သုံးပစ္စည်းများ၏ ပြင်ပသို့ တင်ပို့နိုင်မှုမှာ ယခင်နှစ်ကာလတူထက် (၁၅၄.၉) ရာခိုင်နှုန်း၊ မော်တော်ယာဉ်အစိတ်အပိုင်းများ (၂၉.၄) ရာခိုင်နှုန်း၊ မော်တော်ကား (၂၆.၂) ရာခိုင်နှုန်း၊ Semiconductor (၂၃.၃) ရာခိုင်နှုန်းနှင့် ကွန်ပျူတာပစ္စည်းများ (၁၈.၇) ရာခိုင်နှုန်း အသီးသီး တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် အဆိုပါကာလအတွင်း သင်္ဘောများတင်ပို့နိုင်မှုသည် (၆၁.၄) ရာခိုင်နှုန်းနှင့် မိုဘိုင်းဆက်သွယ်ရေးကိရိယာများ တင်ပို့နိုင်မှု (၅၁) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒေသအလိုက်တင်ပို့နိုင်မှုအနေဖြင့် အဓိကကုန်သွယ်ဖက်များဖြစ်ကြသော တရုတ်နိုင်ငံသို့ (၂၂.၆) ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံသို့ (၃၅.၁) ရာခိုင်နှုန်း အသီးသီး တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း၊ ထို့ပြင် အာဆီယံဒေသရှိ စင်ကာပူနိုင်ငံသို့ တင်ပို့နိုင်မှု (၁၁၆) ရာခိုင်နှုန်း တိုးတက်လာပြီး ဗီယက်နမ်နိုင်ငံသို့ (၁၇.၇) ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံသို့ (၆၂.၆) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံသို့ (၁၆.၉) ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂသို့ (၃.၈) ရာခိုင်နှုန်း၊ ထိုင်ဝမ်သို့ (၄၄) ရာခိုင်နှုန်းနှင့် အိန္ဒိယနိုင်ငံသို့ (၄၃.၈) ရာခိုင်နှုန်းဖြင့်စသဖြင့် အသီးသီး တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဤကာလအတွင်း ဟောင်ကောင်သို့ တင်ပို့မှုမှာ (၂၃.၄) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်သည် ၂၀၂၀ ပြည့်

နှစ်၊ နိုဝင်ဘာလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ (၁၄) လ ဆက်တိုက် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ရိုက်ခတ်မှုများကို အံတု၍ တိုးတက်တင်ပို့နိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ရင်းမြစ်: The Korea Times (စီးပွားရေးသံမှူး-တောင်ကိုရီးယား)

## ကမ္ဘာ့တစ်ဝန်း မိုက်ခရိုချစ်ပ် ပြတ်လပ်မှုကြောင့် ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ ကားထုတ်လုပ် ရောင်းချမှု ကျဆင်းခဲ့

၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ ကားရောင်းချရမှုသည် (၉) ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ့တစ်ဝန်းမိုက်ခရိုချစ်ပ် (semiconductor chip) ပြတ်လပ်မှုကြောင့် နယ်သာလန်၏ ကားထုတ်လုပ်မှုကဏ္ဍသည် ဆိုးရွားစွာထိခိုက်ခဲ့ပြီး၊ ကားထုတ်လုပ်မှု ကျဆင်းခဲ့ကာ ကားသစ်များထုတ်လုပ်မှုသည်လည်း နှောင့်နှေးခဲ့ကြောင်း လူစီးကားနှင့်ထရပ်ကား ရောင်းဝယ်ရေးဆိုင်ရာအသင်း (BOVAG) နှင့် မော်တော်ကားလုပ်ငန်းအသင်း (RAI) တို့၏ ဖော်ပြချက်အရ သိရပါသည်။ ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ ကားသစ်အစီးရေ (၃၂၂,၈၃၁) စီးမှတ်ပုံတင်ခဲ့ကြောင်း၊ ကုမ္ပဏီသုံး လျှပ်စစ်ကားများအား တစ်ကိုယ်ရည်အသုံးပြုမှုနှင့်စပ်လျဉ်း၍ နယ်သာလန်နိုင်ငံ၏ အခွန်ပြောင်းလဲမှုအစီအစဉ်ကြောင့် ဒီဇင်ဘာလတွင် ကားအရောင်းတိုးတက်လာမည်ဟု ကားရောင်းဝယ်ရေးလုပ်ငန်းများက မျှော်လင့်ထားခဲ့ကြသော်လည်း သိသိသာသာ တိုးတက်လာခဲ့ခြင်းမရှိဟုဆိုသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကားစီးရေ (၃၅၇၀၈) စီး မှတ်ပုံတင်ခဲ့ပြီး ယခင်နှစ်ကထက် (၁၆) ရာခိုင်နှုန်းနီးပါး လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

မိုက်ခရိုချစ်ပ် ပြတ်လပ်မှုဆိုင်ရာ အဟန့်အတားများကြောင့် လျှပ်စစ်ကားများထုတ်လုပ်ရောင်းချနိုင်မှု လျော့နည်းခဲ့ကြောင်း၊ လျှပ်စစ်ကားအသစ် (၆၄,၀၂၇) စီးသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် လျှပ်စစ်ကားစုစုပေါင်း (၇၂,၈၅၈) စီး ရောင်းချခဲ့ရကြောင်း၊ ၂၀၂၀ နှင့် ၂၀၂၁ နှစ်နှစ်စလုံးတွင် လျှပ်စစ်ကားများသည် နယ်သာလန်ဈေးကွက်၏ ငါးပုံတစ်ပုံခန့်ရှိခဲ့ကြောင်း သိရပါသည်။ ၂၀၂၂ ခုနှစ်တွင် ကားသစ် (၃၉၀,၀၀၀) ခန့်ရောင်းချရလိမ့်မည်ဟု BOVAG နှင့် RAI တို့က ခန့်မှန်းထားကြပြီး၊ ထိုသို့ ရောင်းချရပါက ၂၀၂၁ ခုနှစ်ကထက် (၂၁) ရာခိုင်နှုန်း တိုးတက်လာမည် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် မိုက်ခရိုချစ်ပ် ပြတ်လပ်မှုပြဿနာသည် မပြီးဆုံးသေးကြောင်းနှင့် အခွန်စနစ်ပြောင်းလဲမှုကြောင့် ကားရောင်းချမှုကို လျော့ကျစေနိုင်ကြောင်းလည်း ၎င်းအသင်းအဖွဲ့များက ထောက်ပြကြသည်။ သို့သော် လျှပ်စစ်ကားများကို ပိုမိုဝယ်ယူရန် မက်လုံးပေးမှုများရှိနေပြီး၊ ၂၀၂၂ ခုနှစ်တွင် လျှပ်စစ်ကားဝယ်ယူသူများသည် ယူရို (၃၃၅၀) ခန့် သက်သာစေနိုင်မည့် Purchase subsidy ကို အသုံးပြုနိုင်မည့်အစီအစဉ်များရှိကြောင်း၊ ထို့အပြင် လျှပ်စစ်ကားမော်ဒယ်များ ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လာနိုင်ဖွယ်ရှိသဖြင့် ဝယ်ယူသူများအတွက် ရွေးချယ်စရာပိုများလာနိုင်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ကားများ၏ ဈေးကွက်ရှယ်ယာမှာ (၂၀) မှ (၃၀) ရာခိုင်နှုန်းအတွင်း ရှိနိုင်ကြောင်း BOVAG နှင့် RAI တို့က ခန့်မှန်းထားသည်ဟု သိရပါသည်။

ရင်းမြစ် - https://nltimes.nl/2022/01/01/dutch-car-sales-plunged-2021-due-global-chip-shortage (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## ပဲပုပ်စိုက်ပျိုးရန် မျိုးစေ့ပိုင်းဆိုင်ရာနည်းပညာ ပြင်ဆင်အသုံးပြုရန် စီစဉ်ထားသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် မျိုးရိုးဗီဇပြုပြင်ထားသော (Genetically Modified-GM) အတည်ပြုချက်၏ရရှိရန် အရှိန်မြှင့်တင်နိုင်မည့် ပဲပုပ်နှင့် အခြားသောဆီထွက်သီးနှံများအား ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်မှုအားမြှင့်တင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ပဲပုပ်နှင့်အခြားသော ဆီထွက်သီးနှံများတိုးချဲ့ထုတ်လုပ်ခြင်းဖြင့် လာမည့်နှစ်အတွင်း တရုတ်နိုင်ငံတွင်း နံ့စားသီးနှံနှင့် ပြောင်းထွက်ကုန်များ ထုတ်လုပ်ပံ့ပိုးမှုတည်ငြိမ်ရန် မျှော်မှန်းထားကြောင်း၊ ပြောင်းနှင့် ပဲပုပ်တို့အားသီးညှပ်စိုက်ပျိုးရန် တရုတ်နိုင်ငံအစိုးရမှ တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပဲပုပ်၊ ပြောင်း၊ မုန်ညင်းစေ့နှင့် ဆီအုန်း ဝယ်ယူမှုတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အများဆုံးဝယ်ယူသည့် နိုင်ငံဖြစ်ကြောင်း၊ ပဲပုပ်ကုန်သွယ်မှုမှာ နိုင်ငံရေးရာနှင့် သံတမန်ရေးရာတို့နှင့် ဆက်စပ်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများအပေါ် မှီခိုမှုလျော့ချခြင်းဖြင့် ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးအား အထောက်အပံ့ဖြစ်စေကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မျိုးရိုးဗီဇပြုပြင်ထားသော GM သီးနှံများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရန် အဆိုပြုထားခြင်းမှာ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်မှုများ မြင့်တက်လျက်ရှိချိန်တွင် တရုတ်နိုင်ငံ၏ မျိုးစေ့ထုတ်လုပ်ငန်းအား ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Frank Tang က “Soybean push sets stage for seed tech overhaul” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ကမ္ဘာ့လုံးဆိုင်ရာ ကုန်သွယ်မှု

ပြောင်းလဲရန်အတွက် ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သည့် နံစားသီးနှံများ ပံ့ပိုးဖြည့်ဆည်းမှုမြှင့်တင်နိုင်ရန် ပေကျင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းဒေသတွင် ဆီထွက်သီးနှံများ စိုက်ပျိုးရန်မူဝါဒများ ပိုမိုပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ထရန့်သည် အမေရိကန်နိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့်ပြည်နယ်များမှ မဲအရေအတွက် ပိုမိုရရှိရန် တရုတ်-အမေရိကန် ကုန်သွယ်ရေး စစ်ပွဲကာလအတွင်းတွင် တရုတ်နိုင်ငံအား ပဲပုပ်များပိုမိုဝယ်ယူရန် ကြိမ်ဖန်များစွာ တိုက်တွန်းပြောကြားမှုများရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံ အကောက်ခွန်ဌာနစာရင်းများအရ အမေရိကန်နိုင်ငံမှ ပဲပုပ်ဝယ်ယူမှုမှာ ၂၀၁၉ ခုနှစ်တွင် (၂၃.၆) မီလီယံရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ပဲပုပ်ဝယ်ယူမှု (၃၉.၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များအား တရုတ်နိုင်ငံသို့ တင်သွင်းမှုမှာ တရုတ်-အမေရိကန် ပထမအဆင့်ကုန်သွယ်ရေး သဘောတူညီချက်၏ သတ်မှတ်ချက်ပမာဏအောက်တွင်သာ တင်သွင်းလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် စားသုံးဆီတင်သွင်းမှုတွင် လိုအပ်ချက်၏ (၂၀) ရာခိုင်နှုန်း တင်သွင်းလျက်ရှိပြီး ကမ္ဘာ့ဒုတိယအများဆုံးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ဆီအုန်းနှင့် ပဲပုပ်များတင်သွင်းရန် မှီခိုအားထားမှုမြင့်မားကြောင်း၊ တစ်နှစ်လျှင် တရုတ်နိုင်ငံတွင်း ပဲပုပ်ထုတ်လုပ်မှု တန်ချိန် (၁၈.၁) မီလီယံရှိပြီး တင်သွင်းမှုတန်ချိန် (၉၈.၅) မီလီယံအောက် လျော့နည်းလျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၌ အချို့သောသီးနှံများအတွက် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝယ်လိုအားမှာ ကွာဟချက်များ ကြီးမားလျက်ရှိကြောင်း၊ သို့သော် ပြောင်းနှင့် ပဲပုပ်သီးနှံများအတွက် မျိုးရိုးဗီဇပြုပြင်ထားသော မျိုးစေ့များ စီးပွားဖြစ်ထုတ်လုပ်လာမှုမှာ ပုံမှန်လည်ပတ်လုပ်ကိုင်ဆောင်ရွက်လာကြောင်း ရေးသားဖော်ပြထားပါသည်။

Source: (စီးပွားရေးသံမှူး-ဟောင်ကောင်)

## ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိ

ပဲပုတ်စေ့အများအပြားစိုက်ပျိုးသည့် တောင်အမေရိကတိုက်ရှိနိုင်ငံများတွင် ပူပြင်းခြောက်သွေ့သည့်ရာသီဥတု ဖြစ်ပေါ်နေမှုကြောင့် အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်တွင် ပဲပုတ်စေ့ဈေးနှုန်းများမြင့်တက်ခဲ့သဖြင့် ဒီဇင်ဘာလ ၂၇ ရက်နေ့၌ ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ စတင်မြင့်တက်လာခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုနှင့် ကြုံတွေ့နေရသဖြင့် ပဲပုတ်စေ့အဓိကစိုက်ပျိုးသည့် ဘရာဇီးလ်နှင့်အာဂျင်တီးနားနိုင်ငံတို့တွင် သီးနှံရိတ်သိမ်းချိန်




၌ ပျက်ဆီးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းချက်များကြောင့် ချီကာဂိုဈေးကွက်၏ ပဲပုတ်စေ့ဈေးနှုန်းများသည် ၄ လတာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ သို့ရာတွင် ကိုဗစ်-၁၉ ကူးစက်မှု၊ ဒေါ်လာငွေတန်ဖိုးမတည်ငြိမ်မှု၊ ခရစ်စမတ်နှင့်နှစ်သစ်ကူး ရုံးပိတ်ရက်များနှင့် ၂၀၂၁ ခုနှစ် နှစ်ကုန်ဆုံးချိန်တွင်ဖြစ်ပေါ်လျက်ရှိသည့် ငွေကြေးကြပ်တည်းမှုများကြောင့် ရောင်းဝယ်မှုများအပါအဝင် စီးပွားရေးလုပ်ငန်းများသည် နှေးကွေးလျက်ရှိနေသည်။ ဘရာဇီးလ်နိုင်ငံတွင် ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်ဈေးနှုန်းသည် Passo Fundo (RS)ဈေးကွက်တွင် ၁၇၆.၀၀ ဟဲရာမှ ၁၇၈.၀၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၁၇၄.၀၀ ဟဲရာမှ ၁၇၆.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၈၂.၀၀ ဟဲရာမှ ၁၈၄.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel (PR) ဈေးကွက်တွင် ၁၇၀.၀၀ ဟဲရာမှ ၁၇၂.၅၀ ဟဲရာသို့လည်းကောင်း၊ Port of Parana-guá (PR) ဈေးကွက်တွင် ၁၇၅.၀၀ ဟဲရာမှ ၁၇၇.၅၀ ဟဲရာသို့လည်းကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ၁၆၁.၀၀ ဟဲရာမှ ၁၆၂.၀၀ ဟဲရာသို့လည်းကောင်း၊ Dourados (MS) ဈေးကွက်တွင် ၁၆၃.၀၀ ဟဲရာမှ ၁၆၄.၀၀ ဟဲရာ သို့လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ၁၆၄.၀၀ ဟဲရာမှ ၁၆၅.၀၀ ဟဲရာသို့လည်းကောင်း အသီးသီး ဈေးနှုန်းများ မြင့်တက်ခဲ့သည်။

အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက် (Chicago Commodity Exchange - CBOT) တွင် ဒီဇင်ဘာလ ၂၇ ရက်နေ့၏ ပဲပုတ်စေ့၊ ပဲပုတ်ဆီနှင့် ပဲပုတ်အခွံဈေးနှုန်းတို့သည် အမြင့် ဈေးနှုန်းများဖြင့် ဈေးပိတ်ခဲ့သည်။ အဆိုပါ စတော့ဈေးကွက်ရှိ ဆီထွက်သီးနှံများ၏ ဈေးနှုန်းမြင့်တက်မှုများသည် တောင်အမေရိကတိုက်နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသည့် ရာသီဥတုဖောက်ပြန်မှုများ၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်သည်။ စတော့ဈေးကွက်တွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ

လအတွက် သီးနှံကြိုပွိုင့်ဈေးနှုန်းသည် ပဲပုပ်စေ့ ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၂၀.၅၀ ဆင့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ၁၃.၆၂ ဒေါ်လာဖြင့်လည်းကောင်း၊ မတ်လအတွက် ပဲပုပ်စေ့ကြို ပွိုင့်ဈေးနှုန်းသည် ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၃၀.၇၅ ဆင့် ဈေးနှုန်းပိုမိုမြင့်တက်ခဲ့ပြီး ၁၃.၇၁ ဒေါ်လာဖြင့်လည်း ကောင်း ရောင်းဝယ်ခဲ့ကြသည်။ ပဲပုပ်ထွက်ကုန်များတွင် မတ်လအတွက် ပဲပုပ်အခွံကြိုပွိုင့် ၁ တန်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၇.၈၀ ဒေါ်လာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ၄၀၈.၃၀ ဒေါ်လာဖြင့် လည်းကောင်း၊ ပဲပုပ်ဆီ ၁ ပေါင်ကြို ပွိုင့် ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁.၄၃ ဆင့် ဈေးနှုန်း ပိုမိုမြင့်တက်ခဲ့ပြီး ၅၆.၈၅ ဆင့်ဖြင့်လည်းကောင်း အသီးသီး ဈေးနှုန်းများဖြစ်ပေါ်ခဲ့သည်။ နိုင်ငံခြားငွေရောင်းဝယ်မှုဈေး ကွက်တွင် အမေရိကန် ၁ ဒေါ်လာ၏တန်ဖိုးသည် ရောင်းဈေး ၅.၆၃၈၀ ဟဲရာနှင့် ဝယ်ဈေး ၅.၆၃၆၀ ဟဲရာဈေးတို့ဖြင့် ရောင်းဝယ်ခဲ့ကြသည်။ လတ်တလောကာလတွင် အမေရိကန် ဒေါ်လာတန်ဖိုး အတက်အကျပြောင်းလဲမှုများသည် လျှင်မြန်စွာ ဖြစ်ပေါ်လျက်ရှိနေသည်။

သတင်းရင်းမြစ် – canalrural.com.br (စီးပွားရေးသံမှူး–ဘရာဇီးလ်)

## ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုပ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန်သန်း ၁၅၀ ကျော်ထွက်ရှိရန်ခန့်မှန်း



၂၀၂၁ – ၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုပ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် သန်း ၁၅၀ ကျော် ထွက်ရှိနိုင်ပြီး ပြည်ပသို့ တန်ချိန် ၁၁၅ သန်းအထိ တင်ပို့နိုင် ရန် ခန့်မှန်းထားကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေး အကြံပေး Vlamir Brandalizze က ပြောကြားခဲ့သည်။ ဘရာဇီးလ်နိုင်ငံသည် ပဲပုပ်စေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံအထိ ဝင်ငွေရရှိနိုင်ကြောင်း၊ တောင်အမေရိက တိုက်ရှိနိုင်ငံများတွင် သီးနှံရိတ်သိမ်းချိန်ဖြစ်၍ ချီကာဂိုဈေး ကွက်တွင် ပဲပုပ်စေ့ ၁ စည်လျှင် အမေရိကန်ဒေါ်လာ ပျမ်းမျှ ၁၂ ဒေါ်လာမှ ၁၃ ဒေါ်လာအထိ ဈေးနှုန်းဖြစ်ပေါ်နိုင်ကြောင်း Brandalizze ကပြောကြားခဲ့သည်။ ဝယ်လိုအား အမြင့်ဆုံး အချိန်တွင် ပဲပုပ်စေ့ ၁ အိတ်၏ ဆိပ်ကမ်းရောက်တန်ဖိုး ၁၅၀ ဟဲရာမှ ၁၇၀ ဟဲရာဝန်းကျင်အထိ ရောက်ရှိနိုင်ကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ ပဲပုပ်စေ့ရိတ်သိမ်းချိန်သည် ပြောင်းရိတ် သိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် စိုက်ပျိုးသူတောင်သူများအား သိုလှောင်ရုံနှင့် သယ်ယူပို့ဆောင်ရေးတွင် အခက်အခဲများဖြစ် ပေါ်စေကြောင်း Brandalizze ကပြောကြားခဲ့သည်။ ပဲပုပ် စေ့ဈေးကွက်အား သုတေသနပြုလုပ်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် နေ့၏ ပဲပုပ်စေ့ ၁ အိတ်ဈေးနှုန်းသည် Paraná square ဈေးကွက်၌ ၁၄၇.၇၈ ဟဲရာ ဈေးနှုန်းဖြစ် ပေါ်ခဲ့ပြီး ဒီဇင်ဘာလသို့ရောက်ရှိချိန်တွင် ၁၆၇.၉၁ ဟဲရာဈေး နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း Brandalizze က ပြောကြား ခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br (စီးပွားရေးသံမှူး–ဘရာဇီးလ်)

## ဂျပန်၏ အလုပ်လက်မဲ့နှုန်းသည် ၂.၈% အထိ မြင့်တက်လာခဲ့

ကိုရိုနာဗိုင်းရပ်ကြောင့်ထိခိုက်ခဲ့ရသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူကောင်းမွန်လာသဖြင့် လူအများ စုမှာ မူလအလုပ်ထက်ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များ ရှာဖွေလာကြခြင်းကြောင့် နိုဝင်ဘာလ၏ စာရင်းဇယားများ အရ မူလအလုပ်ကိုစွန့်ခွာသူဦးရေ ၂.၈% အထိ မြင့်တက် လာခဲ့ကြောင်း ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဂျပန်အစိုးရက ထုတ်ပြန်ခဲ့ပါသည်။ ပြီးခဲ့သည့် အောက်တိုဘာလတွင် ကူး စက်မှုများ သိသိသာသာကျဆင်းခဲ့သည့်အတွက် ကိုရိုနာဗိုင်း ရပ်စ်ထိန်းချုပ်ရေး အရေးပေါ်အခြေအနေ ရုတ်သိမ်းပြီးနောက် ပိုင်း ခြောက်လအတွင်း ရာသီအလိုက်ချိန်ညှိထားသော အလုပ် လက်မဲ့နှုန်းသည်ယခင်လ (စက်တင်ဘာလ) ကထက် ၀.၁% မြင့်တက်လာကြောင်းတွေ့ရပါသည်။ ကျန်းမာရေး၊ အလုပ်သမား နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အချက်အလက် များအရ နိုဝင်ဘာလတွင် အလုပ်အကိုင်ရရှိမှုအချိုးသည် ယခင်အောက်တိုဘာလ၏ နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိ ဘဲ အလုပ်ရှာဖွေသူ ၁၀၀ ဦးလျှင် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှု ၁၁၅ ဦးရှိကြောင်း သိရပါသည်။ နိုဝင်ဘာလတွင် အလုပ်လက်မဲ့ဦးရေစုစုပေါင်းမှာ ၁.၉၂ သန်းအထိ တိုးလာပြီး သုံးလတာအတွင်း ပထမဆုံးအကြိမ် တိုးမြင့်လာကြောင်း ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားပါသည်။ ၎င်းတို့အနက် လူပေါင်း ၇၆၀,၀၀၀ သည် ၎င်း

တို့၏ ဆန္ဒအလျောက်အလုပ်မှ နုတ်ထွက်သူများဖြစ်ကြောင်း သိရပါသည်။

အလုပ်လက်မဲ့ဦးရေတိုးလာခြင်းသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်များရှာဖွေရန် မိမိဆန္ဒအလျောက်မူလအလုပ်စွန့်လွှတ်သူဦးရေ တိုးတက်လာခြင်းဖြစ်ကြောင်း၊ မကြာသေးမီကာလက ပြည်တွင်းဗိုင်းရပ်စ်ကူးစက်မှုနှုန်း ကျဆင်းသွားခြင်းနှင့် စီးပွားရေးနာလန်ထူလာသည့် အနေအထား၏ သက်ရောက်မှုဟုဆိုနိုင်ကြောင်း အစိုးရတာဝန်ရှိသူမှပြောကြားခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ လေ့လာသုံးသပ်သူများမှလည်းပြီးခဲ့သည့် နွေရာသီတွင် ဗိုင်းရပ်စ်ကူးစက်မှုအမြင့်ဆုံးနှုန်းထားဖြစ်ခဲ့သည့် တစ်ရက်လျှင် လူဦးရေ ၂၅,၀၀၀ ကျော်ကူးစက်မှုနှင့် နှိုင်းယှဉ်ပါက လတ်တလောကာလတွင် တစ်ရက်ကူးစက်မှု ၂,၅၀၀ ဝန်းကျင်ခန့်သို့ လျော့နည်းကျဆင်းသွားခြင်းသည် ပြည်တွင်းစီးပွားရေးအပေါ် အလုပ်လုပ်ကိုင်သူများ၏ ပိုမိုအကောင်းမြင်လာမှုကို ဖြစ်လာစေသည်ဟုသုံးသပ်ခဲ့ပါသည်။ အသက် ၁၅ နှင့် ၂၄ နှစ်အကြားရှိလူများနှင့် ၃၅ နှင့် ၄၄ နှစ်အကြား ရှိသူများ၏ အလုပ်လက်မဲ့နှုန်းတိုးလာခြင်းသည် ၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းပြောင်းလဲလိုသည့် ရည်ရွယ်ချက်ဖြင့် အလုပ်အကိုင်သစ်များ ရှာဖွေလာကြောင်းကိုပြသနေသည်ဟု Daiwa Institute of Research မှ သုတေသီ Megumi Wada မှ သုံးသပ်ထားပါသည်။ အနာဂတ်အတွက် ကြိုတင်သုံးသပ်ရမည်ဆိုပါက မျက်နှာချင်းဆိုင်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများဖြစ်ကြသည့် ဟိုတယ်နှင့် တည်းခိုနေထိုင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ အနေအထား ပြန်လည်တိုးတက်ကောင်းမွန်လာနိုင်သည့်အတွက် လုပ်သားဈေးကွက်သည် ပြန်လည်နာလန်ထူလာမည်ဟု ယူဆရကြောင်း Wada က သုံးသပ်ပါသည်။

ယခုနှစ်အတွက် ဒီဇင်ဘာလကုန် နှစ်သစ်ကူးအားလပ်ရက်ရှည်တွင် နေရပ်ပြန်ရန် လူအများမှ ရှင်းကန်းဆန် (ကျည်ဆန်ရထား) နှင့် ပြည်တွင်းလေကြောင်းလိုင်းများ အသုံးပြုရန် ကြိုတင်မှာယူမှုများ မြင့်တက်လာခြင်းကိုလည်း တွေ့ရပါသည်။ အစိုးရမှ “Go To Travel” ခရီးသွားကဏ္ဍ လှုံ့ဆော်ရေးအစီအစဉ်ကို ပြန်လည်စတင်မည်ဆိုပါက ခရီးသွားဝန်ဆောင်မှုကဏ္ဍအပေါ် ထပ်မံမြင့်တင်နိုင်လိမ့်မည်ဖြစ်ပါသည်။ တည်းခိုနေထိုင်ခြင်းနှင့် အစားအသောက်ဝန်ဆောင်မှုကဏ္ဍ၊ လက်လီနှင့်လက်ကားရောင်းချမှုကဏ္ဍတို့မှ အလုပ်အကိုင်များမှာ ယခုနှစ်စတွင်အတန်ပင်ကျဆင်းခဲ့သော်လည်း လက်ရှိ၌ ၎င်းကဏ္ဍမှလုပ်သားဈေးကွက်မှာ အခြေအနေတိုးတက်လာသည်ကို တွေ့ရပါသည်။ တစ်ချိန်တည်းမှာပင်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စာတိုက်လုပ်ငန်းများတွင် လုပ်သားဦးရေသည် ယခင်နှစ်ကထက် ၉.၃% နှင့် ၅.၅ % အသီးသီးမြင့်တက်လာခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်။ https://www.japantimes.co.jp/ (စီးပွားရေးသံမှူး-ဂျပန်)

## ဩစတြေးလျနိုင်ငံတွင် လုပ်သားများအကြား ကိုဗစ်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိရာ စူပါမားကတ်များတွင် ကုန်စည်ပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိ




နယူးဆောက်ဝေးလ်ပြည်နယ်တွင် ကိုဗစ်ရောဂါဖြစ်ပွားသူ အရေအတွက်တိုးလာခြင်းကြောင့် ပြည်နယ်တစ်ဝှမ်းရှိ စူပါမားကတ်များတွင် ကုန်ပစ္စည်းပြတ်လပ်မှုများကြောင့် စင်များမှာ ပြောင်းသလင်းခါလျက်ရှိကြောင်း သိရှိရပါသည်။ ပြည်နယ်တစ်ဝှမ်းရှိ ဝယ်ယူသူများသည် အဓိကစူပါမားကတ်အချို့တွင် လတ်ဆတ်သောသစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် အသားများစသည့် ထုတ်ကုန်များပြတ်လပ်မှုကို သတိပြုမိလျက်ရှိကြပါသည်။ Woolworths စူပါမားကတ်မှ တာဝန်ရှိသူတစ်ဦးကဆက်လက်ဖြစ်ပွားနေသော ကျန်းမာရေးအကျပ်အတည်းသည် ထောက်ပံ့ပို့ဆောင်ရေးကို ကြီးမားစွာ အနှောက်အယှက် ဖြစ်စေပါကြောင်း၊ ဖြန့်ဖြူးရေးစင်တာများရှိ ကုန်တင်ယာဉ်မောင်းများနှင့် ဝန်ထမ်းများအပါအဝင် ၎င်း၏ အလုပ်သမားများမှတစ်ဆင့် ကိုရိုနာဗိုင်းရပ်စ်ပြန့်နှံ့ ဖြစ်ပွားမှုကြောင့် ဝန်ထမ်းရေးရာပြဿနာများနှင့် ရင်ဆိုင်နေရလျက်ရှိကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများသည် အဓိကအားဖြင့် ကူးစက်ရောဂါဖြစ်ပွားမှု အရေအတွက်များပြားသော Great Sydney ဧရိယာတွင်တည်ရှိပါကြောင်း၊ ယခုပြဿနာမှာ ကုန်စည်ပြတ်လပ်ခြင်းမဟုတ်ဘဲ ကုန်ပစ္စည်းများကို စတိုးဆိုင်များနှင့် စင်များပေါ်အရောက်တင်ရန် ထောက်ပံ့ပို့ဆောင်မှုကို စီမံခန့်ခွဲနိုင်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း ပြောကြားထားပါသည်။ Aldi စူပါမားကတ်က လက်ရှိအခြေအနေသည်

၎င်း၏ ထောက်ပံ့ရေးကွင်းဆက်အတွက် နှောင့်နှေးမှုများ ဖြစ်ပေါ်စေကြောင်း ပြောကြားခဲ့ပါသည်။

အားလပ်ရက်ကာလအတွင်း COVID ရောဂါဖြစ်ပွားမှုအရေအတွက် မြင့်တက်လာသည်နှင့်တစ်ပြိုင်နက် ဝယ်လိုအားများ မြင့်တက်လာရာ ယခုပြဿနာကို ပိုမိုဆိုးရွားစေပါသည်။ လုပ်သားများ ကူးစက်ခံရမှုကြောင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ခြင်းမရှိသည့်အချိန်တွင် စားသုံးသူများ၏ကြောက်ရွံ့မှုကြောင့် ဝယ်ယူမှုများ များပြားလာခြင်းကထောက်ပံ့မှုကွင်းဆက်ကို တစ်ဖန် အနှောင့်အယှက်ဖြစ်ပေါ်စေကြောင်း သိရှိရပါသည်။

Source: www.abc.net.au (စီးပွားရေးသံမှူး-ဩစတြေးလျ)

## ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်မှုဒေသ စတင်သက်ဝင်




အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့ပါဝင်အကောင်အထည်ဖော်ဆောင်မည့် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဒေသဖြစ်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်သည် ၁-၁-၂၀၂၂ ရက်နေ့မှ စတင်သက်ဝင်ပြီဖြစ်ကြောင်းနှင့် ဩစတြေးလျစိုက်ပျိုးမွေးမြူသူများနှင့် စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဒေသသို့ ဝင်ရောက်ခွင့်ရရှိပြီဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ၁-၁-၂၀၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ သတင်းထုတ်ပြန်ချက်တွင် "ဩစတြေးလျ၊ နယူးဇီလန်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဂျပန်၊ လာအို၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့အတွက် RCEP သဘောတူစာချုပ်စတင် သက်ဝင်ခြင်းကို ကြိုဆိုပါကြောင်း၊ RCEP သဘောတူစာချုပ်သည် ကိုရီးယားနိုင်ငံအတွက် ၂-၂-၂၀၂၂ ရက်နေ့တွင် စတင်သက်ဝင်မည်ဖြစ်ပါကြောင်း၊ RCEP သည် ဩစတြေးလျစီးပွားရေး လုပ်ငန်းများအတွက် အခွင့်အလမ်းများ တိုးမြှင့်ပေးကာ ဒေသတွင်းအနှံ့တိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလှုံ့ဆော်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဈေးကွက်များတွင် ဩစတြေးလျထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို မြင့်မားစွာအသိအမှတ်ပြုထားခြင်းက ဩစတြေးလျစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်းဖြစ်ပါကြောင်း၊ ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာ လိုအပ်ချက်များကို တစ်ပြေးညီဖြစ်စေခြင်းဖြင့် RCEP သည် ဒေသတွင်းရင်းမြစ်များမှ အကျိုးအမြတ်ရယူကာ စီးပွားရေးလုပ်ငန်းများ အဓိကပါဝင်နိုင်သည့် ဒေသတွင်းတန်ဖိုးမြှင့်ကွင်းဆက်များမှ တစ်ဆင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း" ဖော်ပြပါရှိပါသည်။

RCEP သဘောတူစာချုပ်သည် ဝန်ဆောင်မှုများ၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှုနှင့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများကဲ့သို့သော အကြီးမားဆုံးတိုးတက်မှု အလားအလာမှာ RCEP စီးပွားရေးတွင်ရှိရာ အဆိုပါဧရိယာများတွင် ဩစတြေးလျနိုင်ငံက လက်ရှိအကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ကုန်သွယ်ရေးသဘောတူစာချုပ်များအပေါ် တိုးတက်မှုများကိုဖြစ်ပေါ်စေပါသည်။ ထို့အပြင် RCEP သည် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN-Australia- New Zealand Free Trade Area- AANZFTA) ပေါ်တွင် တည်ဆောက်ထားသည့် ခိုင်မာသောကုန်သွယ်မှုစည်းမျဉ်းများမှတစ်ဆင့် ဩစတြေးလျ၏ အင်ဒို-ပစိဖိတ် ဒေသရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးနိုင်ကာ RCEP အဖွဲ့ဝင်နိုင်ငံများနှင့် ချုပ်ဆိုထားသည့် နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူစာချုပ်များနှင့် The Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) တို့အတွက် ဖြည့်စွက်ချက်ဖြစ်စေပြီး၊ အာဆီယံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အချက်ဖြစ်သည့် အာဆီယံနှင့် ဩစတြေးလျ၏ ကုန်သွယ်မှုဆက်ဆံရေးကို ပိုမိုခိုင်မာစေပါသည်။ ၁-၁-၂၀၂၂ ရက်နေ့တွင် CPTPP နှင့်ကိုရီးယား-ဩစတြေးလျ ကုန်သွယ်ရေးသဘောတူစာချုပ် (The Korea-Australia Free Trade Agreement-KAFTA) များ အပါအဝင် အခြားကုန်သွယ်ရေးသဘောတူစာချုပ်များ၏ နှစ်စဉ်အကောက်ခွန်နှုန်းထား ထပ်မံလျှော့ချမှုများရှိနေပြီဖြစ်ရာ CPTPP အရ ဩစတြေးလျတူနာနှင့် ဆာလမွန်ငါးတို့အပေါ် ဂျပန်နိုင်ငံ၏ အကောက်ခွန်နှုန်းထားများမှာ ၁.၉ % သို့ ကျဆင်းသွားပြီး၊ KAFTA အရ ဩစတြေးလျ သိုးသားနှင့်

ဆိတ်သားတို့အပေါ် ကိုရီးယားနိုင်ငံ၏ အကောက်ခွန်နှုန်းထားမှာ ၂.၂၅% သို့ ကျဆင်းသွားပြီဖြစ်ပါသည်။ ထို့အပြင် ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်မှုဈေးကွက်၏ ၇၅ % မှာ လွတ်လပ်သောကုန်သွယ်မှုဒေသများနှင့် အကျုံးဝင်လျက်ရှိရာ စားသုံးသူများမှာ ၃.၃၅ ဘီလီယံတန်ဖိုးရှိ အကောက်ခွန်သက်သာခွင့်များကို ရရှိခံစားလျက်ရှိပါသည်။

စီးပွားရေးလုပ်ငန်းများ COVID-19 ကပ်ရောဂါမှ ပြန်လည်ဦးမော့လာစေရန် နိုင်ငံတကာကုန်သွယ်မှုမှာ အဓိကကျသောအစိတ်အပိုင်းဖြစ်ရာ RCEP စတင်သက်ဝင်ခြင်းနှင့် ဩစတြေးလျနိုင်ငံ၏ အခြားသောကုန်သွယ်ရေးသဘောတူစာချုပ်များ၏ အကောက်ခွန်နှုန်းထား ထပ်မံလျှော့ချမှုများကြောင့် ဩစတြေးလျနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရာတွင် အထောက်အကူဖြစ်စေမည့်အပြင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်စေနိုင်ကြောင်း သိရှိရပါသည်။ ကုန်သွယ်မှုသည် ဩစတြေးလျစီးပွားရေးအတွက် အရေးပါပြီး၊ အလုပ်အကိုင် (၅) ခုတွင် တစ်ခုပါဝင်ကာ နိုင်ငံ၏ GDP ကို မြှင့်တင်ပေးနိုင်သည့်အပြင် စီးပွားရေးလုပ်ငန်းများ၊ ဝန်ထမ်းများနှင့် အိမ်ထောင်စုများအတွက် အမှန်တကယ်အကျိုးခံစားခွင့်များကို ဆောင်ကြဉ်းပေးလျက်ရှိကြောင်း သိရှိရပါသည်။

Source: www.trademinister.au (စီးပွားရေးသံမှူး-ဩစတြေးလျ)

## ဩစတြေးလျအစိုးရက ပို့ကုန်မြှင့်တင်ရေး အကူအညီအသစ်များ ထပ်မံပေးအပ်

ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များသည် အလုပ်အကိုင်များဖန်တီးပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေးပြန်လည်ဦးမော့လာစေရန် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး၊ ယခုအခါအစိုးရက ပို့ကုန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ (Export Market Development Grants -EMDG) အစီအစဉ်တွင် အထောက်အပံ့အသစ်အဖြစ် ဩစတြေးလျဒေါ်လာသန်း ၈၀ ရန်ပုံငွေကို ထပ်မံဖြည့်တင်းပေးရာ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် EMDG အစီအစဉ်အရ အကျိုးကျေးဇူးများရရှိနိုင်ကြောင်း ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက (၂၃-၁၂-၂၀၂၁) ရက်နေ့ကသတင်းထုတ်ပြန်ထားပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးသည့် EMDG ထောက်ပံ့ကြေးကိုရယူလိုသည့် ပို့ကုန်လုပ်ငန်းရှင်အရေအတွက်မှာ ၂၀၂၁ ခုနှစ်တွင် မြင့်တက်လာခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲထားသော EMDG အစီအစဉ်အရ စီးပွားရေးလုပ်ငန်းများမှာ ထောက်ပံ့ကြေးလျှောက်ထားရန် ပိုမိုလွယ်ကူစေခြင်းဖြင့် EMDG ထောက်ပံ့ကြေးရယူလိုသည့်လုပ်ငန်းများ ယခုနှစ်တွင် အထူးအားကောင်းလျက်ရှိကြောင်း၊ လျှောက်ထားမှုများပြားလာသောကြောင့် အစိုးရအနေဖြင့် လာမည့်လေးနှစ်တာကာလအတွင်း ဩစတြေးလျ ဒေါ်လာသန်း ၈၀ ကို ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီးDan Tehan ကပြောကြားခဲ့သည်။

ဝန်ကြီးက Tehan က ဩစတြေးလျစီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏လုပ်ငန်းများကိုကမ္ဘာနှင့် အဝှမ်းကြီးထွားတိုးတက်လာစေရန် အစိုးရကပံ့ပိုးပေးသည့် သက်သေပြသပြီးဖြစ်ပါကြောင်း၊ EMDG အစီအစဉ်သည် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာဈေးကွက်သစ်များတွင် ထင်ရှားပေါ်လွင်စေပြီး၊ ပြင်းထန်သောပြိုင်ဆိုင်မှုများအကြား ရှိနှင့်ပြီးသားဈေးကွက်များကို ချဲ့ထွင်ရန်ကူညီပေးသည့် အရေးကြီးသောအစီအစဉ်တစ်ခုဖြစ်ပါကြောင်း၊ ဩစတြေးလျ စီးပွားရေးလုပ်ငန်း ၄,၀၀၀ ကျော်သည် COVID-19 ၏အကျိုးသက်ရောက်မှုကို စီမံခန့်ခွဲရာတွင် ကူညီနိုင်ရန် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် EMDG အစီအစဉ်မှတစ်ဆင့် ၎င်းတို့၏ ပို့ကုန်လုပ်ငန်းများအတွက်ပံ့ပိုးမှု ဒေါ်လာ ၁၉၂ သန်းကျော်ရရှိခဲ့ပါကြောင်း ပြောကြားခဲ့သည်။ ပို့ကုန်လုပ်ငန်းရှင်များအတွက် အထောက်အပံ့ပေးလျက်ရှိသည့် EMDG အစီအစဉ်အတွက် စုစုပေါင်းရန်ပုံငွေကို ပုံသေသတ်မှတ်ထားပြီး၊ ဩစတြေးလျ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကော်မရှင် (The Australian Trade and Investment Commission- Austrade) မှ စီမံခန့်ခွဲလျက်ရှိပါသည်။ ယခုနှစ်တွင် Austrade သည် Stakeholders များနှင့်နီးကပ်စွာဆောင်ရွက်၍ သိသာထင်ရှားသော ကြိုးနီစနစ်ကိုဖယ်ရှားကာ လျှောက်လွှာစတင်လျှောက်ထားမှုမှ အကူအညီပေးအပ်သည့် အဆင့်အထိဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို ဒီဇိုင်းရေးဆွဲ ဖော်ထုတ်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ၏ အကူအညီလျှောက်ထားရယူမှုကို လွယ်ကူစေသည့်အပြင် ထောက်ပံ့ငွေနှင့် ကိုက်ညီမှုရှိသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ရရှိမည့်အထောက်အပံ့ကို ကြိုတင်သတ်မှတ်ပေးသည့် နှစ်ရှည်သဘောတူညီချက်များမှတစ်ဆင့် သေချာမှုရှိစေနိုင်ကြောင်းသိရှိရပါသည်။ ယခုနှစ်တွင် Austrade သည် ပြုပြင်ပြောင်းလဲထားသော EMDG အစီအစဉ် ထောက်ပံ့ကြေးအတွက် လျှောက်လွှာပေါင်း ၅,၃၀၀ ကျော်လက်ခံရရှိခဲ့ပြီး၊ အစီအစဉ် အကောင်အထည်ဖော်ဆောင်သည့်တလျှောက် အမြင့်ဆုံးအရေအတွက်ဖြစ်ရာ အစီအစဉ်အသစ်၏ စီးပွားရေးလုပ်ငန်းများအတွက် ခိုင်မာသောပံ့ပိုးမှုကို သရုပ်ပြခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။

Source: www.trademinister.gov.au (စီးပွားရေးသံမှူး-ဩစတြေးလျ)

## တောင်အာဖရိကနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း အနီရောင်အသားများ ဦးစားပေးတင်ပို့နိုင်ရန်လိုအပ်နေ



တောင်အာဖရိကနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း အနီရောင်အသားများ ပြည်ပသို့တင်ပို့မှုကို တိုးမြှင့်နိုင်ခြင်း မရှိပါက နိုင်ငံအတွင်းအမဲသား၊ သိုးရင့်သားနှင့် သိုးငယ်သား ထုတ်လုပ်သူများအနေဖြင့် ဈေးနှုန်းရရှိမှုနည်းပါး၍ လုပ်ငန်းဖွံ့ဖြိုးမှုအတွက်အခက်အခဲရှိမည်ဖြစ်ကြောင်း၊ တောင်အာဖရိက အနီရောင်အသား ထုတ်လုပ်သူများအသင်း အမှုဆောင်အရာရှိချုပ် Gerhard Schutte က တောင်အာဖရိကနိုင်ငံသည် လက်ရှိတွင် စုစုပေါင်းအမဲသားထုတ်လုပ်မှု၏ ၄ ရာခိုင်နှုန်းကိုသာ ပြည်ပသို့တင်ပို့နိုင်ကြောင်း၊ သိုးသားအနေဖြင့် ၁ ရာခိုင်နှုန်းသာတင်ပို့နိုင်ပြီး အခြားအသားများတင်ပို့နိုင်မှုသည် ၁ ရာခိုင်နှုန်းအောက်တွင်သာရှိနေကြောင်း ပြောကြားထားပါသည်။ ထို့အပြင် တောင်အာဖရိကနိုင်ငံရှိ အနီရောင်အသားများထုတ်လုပ်နေမှုသည် ကမ္ဘာ့ဈေးကွက်အတွင်း ကုန်သွယ်မှုပြုနေသည့် တန်ဖိုးထက်လျော့နည်းထုတ်လုပ်နေသည့် အခြေအနေတွင်ရှိနေသည့်အတွက် အနီရောင်အသားများ ပိုမိုတင်ပို့နိုင်ရန်အလားအလာကောင်းနေကြောင်း၊ ထို့ကြောင့် အမဲသားအား ၄ ရာခိုင်နှုန်းသာတင်ပို့နေရာမှ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုတင်ပို့နိုင်ရန် ကြိုးစားနိုင်ကြောင်း၊ သိုးအရှင်တင်ပို့မှုကိုလည်း ၅ ရာခိုင်နှုန်းအထိပိုမိုတင်ပို့နိုင်ရန် ပြည်တွင်းမွေးမြူနေသူများကို တွန်းအားပေးထုတ်လုပ်စေနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင်း တောင်အာဖရိကနိုင်ငံအနေဖြင့် အမဲသားများအား တရုတ်နိုင်ငံ၊ ဂျော်ဒန်နိုင်ငံနှင့် နော်ဝေးနိုင်ငံများအပါအဝင် နိုင်ငံ ပေါင်း ၃၃ နိုင်ငံသို့တင်ပို့နိုင်ခဲ့ကြောင်း၊ သိုးရင့်သားနှင့် သိုး ငယ်သားများအား United Arab Emirates နှင့် ဟောင်ကောင်နိုင်ငံသို့အဓိကတင်ပို့နိုင်ခဲ့ကြောင်းသိရှိရပါသည်။

သို့သော် တောင်အာဖရိကနိုင်ငံအတွက် လာမည့်နှစ်အတွင်းအဓိကစိန်ခေါ်မှုသည် တောင်အာဖရိကနိုင်ငံတွင် ခွာနာ၊ လျှာနာရောဂါကင်းစင်သည့် အခြေအနေရှိကြောင်းနှင့် အမျိုးသား အဆင့်ရောဂါဖြစ်မှုနောက်ကြောင်းပြန် စုံစမ်းစစ်ဆေးနိုင်သည့် စနစ်ကျင့်သုံးနိုင်နေပြီဖြစ်ကြောင်း ဈေးကွက်သို့ချပြနိုင်ရန်ဖြစ်ကြောင်း၊ အခြားစိန်ခေါ်မှုသည် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် သားသတ်သူများသို့ တိရစ္ဆာန်အရှင်များတင်ပို့ရေးအခြေပြစာချုပ် အပြီးသတ်ချုပ်ဆိုနိုင်ရေးဖြစ်ကြောင်း၊ ထို့အပြင် ၂၀၂၂ ခုနှစ်တွင် အရေးပေါ်ဆောင်ရွက်ရမည့် အချက်သည် Onderstepoort Biological ပစ္စည်းဖြစ်သည့် ကာကွယ်ဆေးရရှိမှု လျော့နည်းနေမှုကို ဖြေရှင်းသွားရန်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း တောမီးလောင်ခြင်းသည်လည်း အနီရောင်အသားထုတ်လုပ်သူများအတွက် ထိခိုက်မှုများရှိခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် တောမီးကာကွယ်ရေးအစီအစဉ်များချမှတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အစေ့အဆံသီးနှံဈေးနှုန်းများသည်လည်းမြင့်တက်နေသည့်အတွက် တိရစ္ဆာန်အစားအစာအတွက် မဟာဗျူဟာမြောက်သို လှောင်ထားနိုင်ရန်လည်း လိုအပ်ကြောင်း သိရှိရပါသည်။

Source: https://www.farmersweekly.co.za/agri-news/south-africa/red-meat-exports-must-be-prioritised-in-2022/ (စီးပွားရေးသံမှူး-တောင်အာဖရိက)

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်အာဖရိကနိုင်ငံ၏ ပြောင်းသီးနှံထွက်ရှိမှုကျဆင်းနိုင်ကြောင်း ခန့်မှန်း

နွေရာသီအစေ့အဆံစိုက်ပျိုးသည့် ဧရိယာများစွာသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်ဆီးလျက်ရှိကြောင်း၊ အဓိကအားဖြင့် Free State ပြည်နယ်၏ အနောက်ဘက်ခြမ်းဒေသများ နှင့် North West ပြည်နယ်များရှိ Wesselsbron, Bultfontein, Hoopstad နှင့် Bothaville ခရိုင်ဒေသများရှိ ပြောင်းသီးနှံ ၆၀ ရာခိုင်နှုန်းအထိပျက်ဆီးနိုင်ကြောင်း၊ ထိုသို့ဖြစ်ပေါ်နေမှုကြောင့် အစိုးရအနေဖြင့် အရေးပေါ် အခြေအနေကြေညာသင့်ကြောင်း စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Francois Strydom က ပြောကြားထားပါသည်။ နောက်ဆက်တွဲအနေဖြင့် အနောက်ပိုင်းဒေသများတွင် မိရိုးဖလာအရစိုက်ပျိုးထားသည့် ပြောင်းအဖြူစိုက်ပျိုးမှုမှ ရိတ်သိမ်းမှု ၂၀ ရာခိုင်နှုန်းအထိကျဆင်းနိုင်ရန်ခန့်မှန်းနိုင်ကြောင်း၊ အမှန်တကယ်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ



အား နောင် ၃ လအတွင်းသိရှိနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ ပျက်ဆီးနိုင်မှုခန့်မှန်းချက်များသည် သာမန်ပျက်ဆီး ဆုံးရှုံးနိုင်မှုခန့်မှန်းမှုများထက်ဆိုးရွားသည့် အခြေအနေသို့ရောက်ရှိ နေပြီဖြစ်သဖြင့် အစိုးရအနေဖြင့် အရေးပေါ်အခြေအနေအဖြစ် ထည့်သွင်း စဉ်းစားရန်လိုအပ်ကြောင်း၊ အနောက်ဘက်ခြမ်း ဒေသရှိ နွေရာသီအစေ့အဆံစိုက်ပျိုးသူများက ယခုနှစ်မိုးရွာသွန်းမှုသည် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အများဆုံးမှတ်တမ်းတင် မိုးရွာသွန်းမှုဖြစ်ကြောင်း၊ ပုံမှန်သဲသောင်ထွန်းသည့် ဒေသများတွင်ပင် မိုးရေဝပ်သည့်အခြေအနေသို့ ရောက်ရှိနေသည် ဖြစ်သဖြင့် စိုက်ပျိုးထားပြီးသော ပြောင်းသီးနှံများသည်ပျက်ဆီးမည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်းပြောကြားထားပါသည်။

ထို့အပြင် အဆိုပါဆိုးရွားသည့်ရာသီဥတု အခြေအနေကြောင့် ဂျုံစိုက်ပျိုးသူများ အနေဖြင့်လည်း ဂျုံများရိတ်သိမ်းနိုင်မှုဖြစ်နိုင်ချေ နည်းပါးလျှက်ရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်မှုကြောင့် ဂျုံအဆင့်အတန်း ကျဆင်းနိုင်ပြီး ဂျုံစိုက်ပျိုးသူလယ်သမားများအနေဖြင့် ဂျုံတစ်တန်လျှင် ရန်း ၁,၀၀၀ မှ ၁,၅၀၀ အထိဆုံးရှုံးနိုင်ကြောင်း၊ ထိုသို့ဖြစ်ပေါ်နေသော အခြေအနေများကို ကုစားနိုင်ရန် အစိုးရမှ နိုင်ငံအဆင့် သဘာဝဘေးအန္တရာယ်အဖြစ်ကြေညာပြီး ငွေကြေးထောက်ပံ့မှုများနှင့် အခွန်ကောက်ခံမှုများလျှော့ချပေးခြင်းများကို ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ သို့မှသာထိခိုက်သောဒေသရှိ လယ်သမားများ အနေဖြင့်လာမည့်ဆောင်းရာသီနှင့် နွေရာသီစိုက်ပျိုးကာလများတွင် ဆက်လက်စိုက်ပျိုးထုတ်လုပ်နိုင်မည့် အခြေအနေရှိကြောင်း စိုက်ပျိုးရေး လုပ်ငန်းရှင်များအသင်း ဥက္ကဌကပြောကြားထားသည်ကို သိရှိရပါသည်။

Source: https://www.farmersweekly.co.za/agri-news/south-africa/high-rainfall-could-see-major-drop-in-maize-crop-expectations/

(စီးပွားရေးသံမှူး-တောင်အာဖရိက)

### သတင်းများ

| | | |
|---|---|---|
| China (Nanning) | - | ၅ |
| India | - | ၃ |
| Thailand | - | ၃ |
| Australia | - | ၃ |
| China (Beijing) | - | ၂ |
| Korea | - | ၂ |
| South Africa | - | ၂ |
| Brazil | - | ၂ |
| Singapore | - | ၁ |
| China (Kumning) | - | ၁ |
| China (Hong Kong) | - | ၁ |
| Japan | - | ၁ |
| Belgium | - | ၁ |
| Germany | - | ၁ |